မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၉၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပသည့် နေပြည်တော် မြို့တော်ခန်းမသို့ *စာမျက်နှာ ၃ ကော်လံ ၁* ❖

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၅ ရက်)

အသိအမြင် ဗဟုသုတကြွယ်ဝရေး စာပေစွမ်းအားဖြင့် မြှင့်တင်

နှစ်ပေါင်းထောင်ချီတည်ရှိခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သက်တမ်းတစ်လျှောက် စာပေပညာရှင်များအပါအဝင် တိုင်းကျိုးဂုဏ်ဆောင် မျိုးချစ်ပုဂ္ဂိုလ်များ၏ အစဉ်တစိုက် ကြိုးပမ်းအားထုတ်မှုကြောင့် အမျိုးသားယဉ်ကျေးမှု အနုပညာအမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

စာပေသည် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဖြစ်ပြီး အသိအလိမ္မာ၊ ဉာဏ်ပညာထွန်းကားရေး၊ ဗဟုသုတကြွယ်ဝရေးအတွက် မီးရှူးတန်ဆောင်လည်း ဖြစ်သည်။

မျက်မှောက်ခေတ်စာပေပညာရှင်များ၊ စာပေလောကသားများသည် အမျိုးသားရေးအမွေခံကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းလျက် ပြည်သူလူထုအတွင်းမှန်ကန်သည့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အတွေးအမြင်များခံယူကျင့်သုံးရေး၊ အချင်းချင်းရိုင်းပင်းညီညွတ်ပြီး အရေးကြီးလျှင် သွေးနီးသည့်ပြည်ထောင်စုစိတ်ဓာတ်များ ထိန်းသိမ်းတည်ဆောက်ရေး၊ ဂုဏ်ယူဖွယ်ရာ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ခေတ်မီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အသိပညာ၊ နည်းပညာစွမ်းအားများ မြင့်မားတိုးတက်ရေးတို့ကို စာပေစွမ်းအားဖြင့် လှုံ့ဆော်အားပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် စာပေပညာရှင်ကြီးများ ရေးသားပြုစုခဲ့သည့် စာပေများထဲမှ နှစ်စဉ် အမျိုးသားစာပေဆုများကို ချီးမြှင့်ပေးလျက်ရှိသည်။ မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သည့် ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် အမျိုးသားစာပေတစ်သက်တာဆုကိုလည်း ၂၀၀၁ခုနှစ်မှစတင်ပြီး ချီးမြှင့်လာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးပြုစာပေများထွန်းကားပြန့်ပွားလာစေရန် စာပေဗိမာန်စာမူဆုပြိုင်ပွဲများကိုလည်း ကျင်းပလျက် မျိုးဆက်သစ်စာပေပညာရှင်များအား မြေတောင်မြှောက် အားပေးချီးမြှင့်လျက်ရှိသည်။

ယနေ့ စာပေပညာရှင်များသည် ပြည်သူများ အသိအမြင် ဗဟုသုတကြွယ်ဝလာပြီး ပြည်ပမီဒီယာများ၏ သွေးထိုးမြှောက်ပင့်မှုများကို နားမယောင်ဘဲ အမှန်အတိုင်းသုံးသပ် လက်ခံလာနိုင်တတ်စေရေးအတွက် စာပေစွမ်းအားဖြင့် မီးမောင်းထိုးပြကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တက္ကသိုလ်/ ဒီဂရီကောလိပ်များ စာစီစာကုံးပြိုင်ပွဲ

တိုင်းမှူး ပိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်ဆုချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၄

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)တက္ကသိုလ်/ ဒီဂရီကောလိပ်များ စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက်ပိုင်းက ကမာရွတ်မြို့နယ် ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ပိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတို့က တက္ကသိုလ်/ ဒီဂရီကောလိပ်များ ဘွဲ့ကြို/ ဘွဲ့လွန် အင်္ဂလိပ်ဘာသာနှင့်မြန်မာ စာစီစာကုံးပြိုင်ပွဲများ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဘွဲ့ကြို/ ဘွဲ့လွန်အဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကော့ခနိရွာ အဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၅ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင် ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးတင်ကိုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ထိုက်ကုန်ပစ္စည်းများ အရည်အသွေးထိန်းသိမ်းမှု ဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ စီစဉ်မှုဖြင့် ဂျပန်နိုင်ငံပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန Int'l Education Corporation Basis System (school health)မှ ကိုယ်စားလှယ်ဖြစ်သူ Dr. Seiji Ohasawa သည် The Secret of Japan Quality Control ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဇန်နဝါရီ ၇ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီမှ ၂နာရီခွဲ အထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower (ပထမထပ်)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အဆိုပါဟောပြောပွဲသို့ တက်ရောက်လိုသူများသည် UMFCCI (နိုင်ငံတကာဆက်ဆံရေးဌာန) ဖုန်း- ၂၁၄၃၄၄မှ ၄၉အထိသို့ ဆက်သွယ်၍လည်းကောင်း၊ ကိုယ်တိုင်သို့မဟုတ် ကိုယ်စားလှယ်စေလွှတ်၍သော် လည်းကောင်း အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ထန်းတပင်၌ ပညာ့အလင်းရောင် စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ခနဲရိကျေးရွာအုပ်စု အေးရွာလေးကျေးရွာ၌ ပညာ့အလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်း၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးရဲဝင်းနိုင်တို့က ပညာ့အလင်းရောင်စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးက အလှူငွေကျပ် နှစ်သောင်းနှင့် စာအုပ်စာစောင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ပေါက်ပေါက်က အလှူငွေကျပ် နှစ်သောင်းနှင့် စာအုပ်စာစောင်များ၊ မြို့နယ်ထွေ/အုပ် ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမောင်မောင်သန်းက မဂ္ဂဇင်းစာအုပ်နှင့် ဂျာနယ်များ၊ ခနဲရိကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းရွှေက အလှူငွေကျပ် နှစ်သိန်း၊ ရိုးဝကျေးရွာ ဆန်စက်လုပ်ငန်းရှင် ဦးသိန်းရီက အလှူငွေကျပ် နှစ်သောင်း၊ ထန်းတပင်မြို့ ဦးသန်းမြင့်က အလှူငွေကျပ် နှစ်သောင်း၊ ဆန်စက်လုပ်ငန်းရှင် ဦးရွှေက အလှူငွေကျပ် နှစ်သောင်း၊ အဖွဲ့ဝင် ဦးရဲဝင်းနိုင်က အလှူငွေ ကျပ်နှစ်သောင်း လှူဒါန်းကြရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်းက လက်ခံယူခဲ့ကြောင်း သိရသည်။ (၁၈၃)

ကသာ၌ မိုးစပါးစံကွက်ရိတ်သိမ်း

ကသာ ဇန်နဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် စိုက်ပျိုးရေး ကြီးကြပ်ရေးအဖွဲ့သည် ခရိုင်အတွင်း မြို့နယ်များသို့ မိုးစပါး အထွက်နှုန်း မှန်ကန်ရေးအတွက် စံကွက်များ ရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာ ၁၃ရက် မွန်းလွဲပိုင်းက အင်းတော်မြို့နယ် အောင်ဇေယျရပ်ကွက် ကွင်းအမှတ်(၁၀၃၅)၊ ဦးပိုင်အမှတ်(၁၈/၂) တောင်သူဒေါ်စီ၏ အကွက်၌ စိုက်ပျိုးထားသော ဆင်းသွယ်လတ်စပါး သင့်အဆင့်အတန်းကို စံကွက်ရိတ်သိမ်းခဲ့ကြသည်။ စံကွက်များကို ကသာခရိုင် မြေစာရင်းဦးစီးမှူး ဦးတင့်ဝေ၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်သိုက်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးစောထွေးဦး၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးအေးနိုင်တို့သည် သက်ဆိုင်ရာရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့်အတူ မြေစာရင်းနှင့် စိုက်ပျိုးရေးဌာနမှ ကွင်းဝန်ထမ်းများ စုပေါင်းရိတ်သိမ်းကြရာ အထွက်နှုန်းမှာ ၈၄ ဒသမ ၃၇တင်းနှုန်းထွက်ရှိကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

အလက(၁၁)အင်းစိန် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၄

အလက (၁၁) အင်းစိန်၌ ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (စနေနေ့) နံနက် ၉နာရီတွင် အလက(၁၁) အင်းစိန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၀-၆၉၄၈၊ ဦးခင်မောင်တင့် ဖုန်း-၀၉-၈၆၃၆၈၈၅၊ ဦးညီတိုးမြင့် ဖုန်း-၆၄၅၅၀၅၊ ဦးကိုကိုဦး ဖုန်း-၆၄၅၈၄၁၊ ဦးငြိမ်းချမ်းအောင်(အောင်သုခဆေးဆိုင်)ဖုန်း-၆၄၂၈၄၀၊ ဒေါ်မိမိစန်း ဖုန်း- ၆၄၅၅၀၅၊ ဒေါ်ခင်သန်းနွယ် ဖုန်း-၇၃၀-၂၁၁၄၉၊ ဒေါ်မြင့်မြင့်အေး ဖုန်း-၀၉-၈၆၂၀၂၀၉၊ ဒေါ်ရွှေရွှေဝင်း (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၆၄၁၈၀၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၁၃)

❖ *ရှေ့ဖုံးမှ*

ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်တို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua Hian Kong ဦးဆောင်သော သံတမန်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua Hian Kong အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ခန္ဓာငါးပါး** တရားတော် [ဆရာတော် အရှင်ဇဝန (မေတ္တာရှင်)]
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၂၆)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၃)
၈:၃၅	Fashion Music Festival (Part-23)
၉:၀၀	Wedding Season ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ လက်မှတ်ထိုးမင်္ဂလာအခမ်းအနား
၉:၅၀	ထာဝရမြင့်မားနေမည့် မြတ်ဆရာများ၏ဂုဏ်ရည်
၁၀:၁၅	အားကစားမြင်ကွင်းစုံ
၁၀:၅၀	ဆန်းသစ်သောရှင်သန်မှုများနှင့် ရုပ်တည်နေတာ SCG ပါ
၁၁:၁၀	သင်ယူလေ့လာဂီတပညာ (Part-4) (Triads-basic Chords)
၁၁:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၀	Industrial Talk [ဦးမြင့်နိုင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၂:၃၅	**ပုဂံမင်းတည်ဓမ္မရောင်ခြည် အိမ်တော်ရာမြတ်စေတီ** ခန့်စည်သူ၊ ဝါးခယ်မရဲမောင်၊ ချစ်စနိုးဦး၊ ပွင့်
၁:၀၀	**ခန္ဓာငါးပါး** တရားတော် [ဆရာတော် အရှင်ဇဝန (မေတ္တာရှင်)]
၂:၀၀	MRTV-4 သတင်း
၂:၂၀	စကားနပန်း (ရှက်တတ်တာကောင်းတယ်၊ မရှက်တတ်တာကောင်းတယ်)
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၂၆)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၃)
၄:၃၅	အစွမ်းထက်မြက် မြန်မာ့ဆေးစွမ်းတစ်လက်
၅:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	ရန်ကုန်မြင်ကွင်းကျယ် (အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ကြီး၏ နှစ် ၄၀ပြည့် အထိမ်းအမှတ်ပွဲ)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၂၇)
၇:၁၀	Fashion Music Festival (Part-24)
၇:၄၅	ရန်ကုန်မြင်ကွင်းကျယ် (Sunsilk Shampoo ခေါင်းလျှော်ရည်မိတ်ဆက်ပွဲ)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Celebrity Style (ပပဝင်းခင်)
၈:၅၅	သင်ကြားရေးလမ်းညွှန် (မဏိစန္ဒာအပ်ချုပ်သင်တန်း)
၉:၁၀	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (7 Colour Fancy Shop)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၄)
၁၀:၀၅	Cartoon Show Time (BATTLE FOR TERRA)
၁၀:၄၅	ခရီးသွားတို့အတွက် April Star ခရီးသွားမဂ္ဂဇင်း
၁၁:၀၅	ရန်ကုန်မြင်ကွင်းကျယ် (Choi Family Concert)
၁၁:၂၀	World of Knowledge (Inside; Sumo Kids)
၁၂:၁၀	နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကုက္ကိုင်းရိပ်သာလမ်းက မှန်အိမ်ကလေး)
၁၂:၃၀	နက္ခတ်ဗေဒပညာရပ်ဆိုင်ရာ သိကောင်းစရာ ဆွေးနွေးခန်း
၁:၀၀	ဂီတနက်သန် ကိုစောညိန်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ (အပိုင်း-၃)
၁:၁၅	မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
၁:၄၅	ကလေးများ၏ကျန်းမာဖွံ့ဖြိုးရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်သန်း)
၂:၀၅	**တစ်ပြည်ဝင်အိုး** အကယ်ဒမီဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ အကယ်ဒမီနွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော် [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
၂:၂၅	ဒေါနတောင်တန်းကြီးနဲ့ သာယာလှပနေသော ကော့ကရိတ်မြို့
၂:၄၅	Shooting Location (ခင်ယုမေအိမ်)
၃:၀၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄:၀၅	Say it in English
၄:၁၅	ဘဝများ (ဆုပန်ထွာ)
၄:၄၀	ထူးခြားသွင်ပြင် သတ္တု ပန်းပုရုပ်သွင်
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့်ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းက လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိနှင့် တရုတ်ပြည်သူများ ကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ တရုတ်နှင့် မြန်မာတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့်အလျောက် အစဉ်အလာမပျက် ချစ်ကြည်ရင်းနှီးခဲ့ကြကြောင်း၊ နှစ်နိုင်ငံပြည်သူများ မှာလည်း မွေးချင်းပေါက်ဖော်သဖွယ် ချစ်ခင်ကြသည့်ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့ကြကြောင်း၊ ဤချစ်ကြည်ရင်းနှီးမှုများကြောင့် နယ်ပယ် ကဏ္ဍအသီးသီးတွင် အပြန်အလှန် ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်နိုင်ခဲ့ကြကြောင်း၊ ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃) နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ တရုတ်-မြန်မာ ကောင်းမွန်သော အိမ်နီးချင်းနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြင်တွေ့လိုပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း စသည်ဖြင့်ဖော်ပြပါရှိသည်။

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာရန်ကျဲချီက လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။

ထိုင်းနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအဘီဆစ်ဝဲချာချီဝက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် အဆွေတော်နှင့်မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာစေရန်ဆုမွန်ကောင်းတောင်းပါကြောင်း၊ ပို့ဆောင်ဆက်သွယ်ရေး၊ အထူးစီးပွားရေးဇုန်များ၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ထိုင်း-မြန်မာ ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံသို့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကာဆစ်ပီရိုးမြကလည်း လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

ဂျပန်နိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဂျပန်နိုင်ငံဘုရင်မင်းမြတ် အာကီဟီတိုထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော်နှင့်မြန်မာပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း၊ အဆွေတော်ကျန်းမာချမ်းသာစေရန်လည်း ဆုတောင်းပါကြောင်း ဖော်ပြပါရှိသည်။

တစ်ဖန် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ရန်ကုန်မြို့ ဂျပန်သံရုံး သံအမတ်ကြီး မစ္စတာတခရှိဆိုက်တိုထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာနာအိုတိုခန်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံသို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆဲအိဂျီမာ အဲဟာရထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ ရက်၌ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာပက်ခ်စာက ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အစိုးရနှင့် ပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုများ ဆက်လက်တိုးတက်စေရန်နှင့် မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ကာလတွင် တိုးတက်ဖွံ့ဖြိုးမှုများ ဖြစ်ထွန်းစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း၊ အဆွေတော်ကျန်းမာ ချမ်းသာစေရန်လည်း ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဒီအမ်ဂျေရဲအာတနဲထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့ရာ၌ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ မြန်မာနိုင်ငံ၏နယ်ပယ်ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အနာဂတ်ကာလ၌ အပြန်အလှန်ဆက်ဆံရေးကောင်းမွန်တိုးတက်စေရန် ကြိုးစားသွားမည်ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျီအယ်လ်ပီးရီးစ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➤ မိုးမြင့်လင်းလက် - ရေးသားသည် ≺

တရုတ်တောင်ပိုင်း၌ ငါးဖမ်းသင်္ဘောနစ်မြုပ်

သင်္ဘောသား ခုနစ်ဦးပျောက်ဆုံး

ပေကျင်း ဇန်နဝါရီ ၄

တရုတ်နိုင်ငံတောင်ပိုင်း စီကျန်မြစ်အတွင်း ဇန်နဝါရီ ၄ ရက်က ငါးဖမ်းသင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ သင်္ဘောသား ခုနစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **(ယာပုံ)**

စုံစမ်းစစ်ဆေး

ယင်းငါးဖမ်းသင်္ဘောမှာ ကွမ်တုန်ပြည်နယ် စီကျန်မြစ်အတွင်း ရာသီဥတု ဆိုးရွားသဖြင့် နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး သင်္ဘောသား လေးဦးအား ကယ်ဆယ်နိုင်ခဲ့သည်။ သို့သော် ငါးဖမ်းသင်္ဘောနစ်မြုပ်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးနေဆဲပင်ဖြစ်သည်။

တရုတ်နိုင်ငံတောင်ပိုင်းဒေသများတွင် မကြာသေးမီရက်များက မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့သဖြင့် ခရီးသွားအများအပြား သွားလာရေး ရပ်ဆိုင်းခဲ့ရသည်။ ရာသီဥတုဆိုးရွားမှုကြောင့် ငါးဖမ်းသင်္ဘော အချို့လည်း နစ်မြုပ်ခဲ့သည်။ **(အင်တာနက်)**

အိန္ဒိယမြောက်ပိုင်း၌ အအေးပြင်းထန်၊ ၂၄ဦးကျော်သေဆုံး

နယူးဒေလီ ဇန်နဝါရီ ၄

အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသများတွင် အအေးပြင်းထန်မှုကြောင့် ကားလမ်းများပေါ်တွင် နှင်းများ ဖုံးလွှမ်းကာ ယာဉ်သွားလာရေးခက်ခဲလျက်ရှိပြီး သေဆုံးသူဦးရေမှာလည်း ၂၄ဦးကျော်ရှိပြီဖြစ်ကြောင်း အိန္ဒိယအရာရှိများက ဇန်နဝါရီ ၄ရက်၌ ထုတ်ဖော်ပြောကြားသည်။ **(ဝဲပုံ)**

ကျဆင်းခဲ့

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့အပါအဝင် ဟာယာနာ၊ ပန်ဂျပ်နှင့် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်များတွင် အအေးဓာတ်ပြင်းထန်ဆိုးရွားခဲ့သည်။ ဇန်နဝါရီ ၄ ရက်က အဆိုပါဒေသများတွင် အပူချိန် -၂၃ ဒသမ ၆ ဒီဂရီ စင်တီဂရိတ်အထိ ကျဆင်းခဲ့သည်။

နယူးဒေလီမြို့တွင် ယခင်နှစ်များကထက် အပူချိန် ၇ ဒသမ ၈ ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းခဲ့သဖြင့် ယခုနှစ်အတွင်း အအေးဆုံးနေ့ရက်များ ဖြစ်ပေါ်ခဲ့သည်။ ဆီးနှင်းများ ဆိုးရွားစွာကျဆင်းခဲ့သဖြင့် အဝေးပြေးကားလမ်းများပေါ်တွင် မော်တော်ယာဉ်သွားလာမှုများ ရပ်ဆိုင်းခဲ့ရသည်။ **(အင်တာနက်)**

ချီလီနိုင်ငံ၌ အင်အားပြင်း ငလျင်လှုပ်

တီမူကို ဇန်နဝါရီ ၄

ချီလီနိုင်ငံ တီမူကိုမြို့၏ အနောက်မြောက်ဘက် ၄၅မိုင်ခန့် အကွာ ကမ်းခြေဒေသတွင် ဇန်နဝါရီ ၄ရက်က ရစ်ချ်တာစကေး ၇ဒသမ၁ ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း ချီလီအရာရှိများက ပြောကြားသည်။

ထွက်ပြေးခဲ့

၄င်းငလျင်သည် တီမူကိုမြို့ အနောက်မြောက်ဘက် ၄၅ မိုင်ခန့် အကွာ မြေအောက် ၁၀မိုင်ခန့် အနက်ကို ဗဟိုပြု၍ လှုပ်သွားခဲ့ခြင်း ဖြစ်သည်။ ငလျင်လှုပ်မှုကြောင့် အဆောက်အအုံအချို့ ပျက်စီးခဲ့သည်။ ဒေသခံပြည်သူ အများအပြား လမ်းမများပေါ်သို့ အလန့်တကြား ထွက်ပြေးခဲ့ကြသည်။

ယင်းငလျင်လှုပ်မှုကြောင့် ပစိဖိတ် ဆူနာမီသတိပေးမှုဌာနက သတိပေးချက် ထုတ်ပြန်ခဲ့သော်လည်း ဆူနာမီဖြစ်ပေါ်မှု မရှိခဲ့ချေ။ **(အင်တာနက်)**

အလုပ်သမားဝန်ကြီးဌာန နှစ်ပတ်လည်နေ့ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

အလုပ်သမားဝန်ကြီးဌာန၏ (၆၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၇နာရီခွဲက နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ကျင်းပရာ ရှေးဦးစွာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုများပေးအပ်ချီးမြှင့်ရာ ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးများမှ အကောင်းဆုံး စွမ်းဆောင်ရည်ရုံးဆု၊ လုပ်သက်အကြာဆုံးဆု၊ သင်တန်းထူးချွန်ဆု၊ သွေးလှူရှင်ဆုနှင့် ၂၀၁၀ ခုနှစ်အတွင်း ထူးခြားသောစွမ်းဆောင်ရည်များ ဖော်ပြနိုင်ကြသည့် ဝန်ထမ်းများအား ဝန်ကြီး၊ ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာန၏ (၆၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၀ရက်မှ ၃၁ရက်အထိ ကျင်းပခဲ့သော ဌာနတွင်း အားကစားပြိုင်ပွဲများဖြစ်သည့် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်နှင့် စားပွဲတင်တင်းနစ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက် ၅၅လမ်း အမှတ် ၂၇(F) နေ ဒေါ်ငွေးငွေးအောင်၊ တူ-ဇာနည်ရဲရင့်မောင်တို့က ဖခင်ကြီး ဦးအောင်ပွင့်နှင့် မိခင်ကြီး ဒေါ်ခလေးမ၊ အစ်မကြီးဒေါ်ကြင်ရွှေတို့အားရည်စူး၍ ဇီဝိတဒါနသံဃာ့ဆေးရုံသစ်အတွက် အလှူငွေ ကျပ်တစ်သိန်းတစ်သောင်း လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးရုံးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံယူစဉ်။

(သံဃာ့ဆေးရုံ)

ကြမ်းခင်းများနှင့် နံရံကပ်ရေစိုခံများ ဖြန့်ဖြူး

ရန်ကုန် ဇန်နဝါရီ ၄

အိမ်ခန်း၊ ရုံးခန်း၊ စတိုးဆိုင်၊ မီနီမတ်၊ ဟိုတယ်နှင့် စာသင်ခန်းများ သေသပ်လှပ ခေတ်မီခံ့ညားစေရန် မာရူးအတ် (maruart) ရောင်စုံ လာမီနိတ်ကြမ်းခင်းများနှင့် နံရံကပ်ရေစိုခံ Wallpaper များ ဖြန့်ဖြူးရောင်းချလျက်ရှိရာ မာရူးအတ် (maruart) သည် အပူဒဏ်ခံနိုင်ခြင်း၊ ခြစ်ရာစင်းရာများ မထင်ကျန်ရစ်ခြင်း၊ ကော်ပတ်စားပြီး ပေါ်လစ်ဖြင့် အရောင်တင်စရာ မလိုခြင်း၊ ချိတ်ကလေးများပါရှိ၍ အလွယ်တကူ တပ်ဆင်ဖြုတ်ယူနိုင်ခြင်း (မိမိနှစ်သက်သလို ပြောင်းလဲခင်းနိုင်ရုံမက ဖြုတ်ယူသွားနိုင်ခြင်း) စသည့် ထူးခြားချက်များရှိပြီး Bioceremic အပေါ်လွှာဖုံးအုပ်ထား၍ ခရမ်းလွန် ရောင်ခြည်ကို ကာကွယ်ပေးစေသည့် အနီရောင်အောက်ရောင်ခြည် ထုတ်လွှတ်မှု တိုးမြှင့်ပေးသည့်အပြင် ခြေထောက်နာကျင်စေခြင်း၊ ခြေထောက်အေးခြင်း မဖြစ်စေကြောင်း သိရသည်။

၂၁ရာစု၏ ခေတ်မီကိုရီးယား လာမီနိတ်ရောင်စုံကြမ်းခင်းများမှာ ရွေးချယ်စရာ အရောင်၊ ဒီဇိုင်းမျိုးစုံ ရနိုင်ပြီး သုံးနှစ်အာမခံပေးသည့်အပြင် ဖုန်းဆက်ရုံဖြင့် အိမ်တိုင်ရာရောက် ခင်းပေးကြောင်း၊ ဆန်ခါတင်၊ အစိုဓာတ် ထိန်းပေးသော အောက်ခံဖော့ပြား၊ အခန်းခြေကျော်များကို အခမဲ့တပ်ဆင်ပေးပြီး ၁၀ ကျင်းကို တစ်ရက်တည်းဖြင့် အပြီးအစီးခင်းပေးကြောင်း သိရသည်။

အလှဆင်ပေး

ထို့အပြင် နှစ်ပေါင်းများစွာ အရောင်မမှိန်ခြင်း၊ အခန်းအတွင်း ကြည်လင် သန့်ရှင်းရုံမက ခေတ်မီစတိုင်ဖြင့် လန်းဆန်းတက်ကြွစေခြင်း၊ စိတ်ကြည်နူးမှု ခံစားရစေခြင်းစသည့် ကောင်းကျိုးအဖုံဖုံ ပြည့်စုံစေသည့် ၂၁ ရာစု၏ ခေတ်မီအိမ်သုတ်ဆေးအစားထိုး ကိုရီးယား နံရံကပ် ရေစိုခံ Shin Han Vinyl Silk Wallpaper များဖြင့်လည်း အိမ်တိုင်ရာရောက် လိုက်လံ အလှဆင်ပေးနေကြောင်းသိရသည်။

ဝယ်ယူ အသုံးပြုလိုသူများသည် GSI Co., Ltd. အမှတ်(၂) အောင်သုခလမ်း (၉)မိုင် (Ocean စူပါမားကက်အနီး) မရမ်းကုန်းမြို့နယ် ဖုန်း+ဖက်စ် ၀၁-၇၀၁၄၇၈၊၀၉-၅၀၀၉၅၂၃ နှင့် ၀၉-၅၁၉၀၈၁၉၊ e-mail: ninimyint 2008 @gmail.com နှင့် WSY ကုမ္ပဏီလီမိတက် အမှတ်(၂၉) ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၀၅၈၉ နှင့် ၀၉-၅၀၁၃၀၇တို့သို့ ဆက်သွယ်နိုင်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖန်းမော်မြို့၌ ကတ္တရာထပ်ပိုးလွှာခင်း

ဖန်းမော် ဇန်နဝါရီ ၄

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ဖန်းမော်မြို့ မြို့တွင်းလမ်းဖြစ်သော ကမ်းနားလမ်း ကတ္တရာလမ်းပေါက်များ ထပ်ပိုးလွှာခင်းပြုပြင်ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၉ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇင်မာလွင် ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဒလမြို့နယ်ကျေးရွာစာကြည့်တိုက်များအတွက် ရေဒီယိုနှင့် စာအုပ် စာစောင်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၄

ဒလမြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ် စာစောင်နှင့် ရေဒီယိုများလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၁ရက် နံနက်၁၀နာရီက ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းငွေးက အမှာစကားပြောကြားပြီး စာအုပ် စာစောင်များ လှူဒါန်းပေးအပ်ရာ ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က လက်ခံယူသည်။ **(ဝဲပုံ)**

ပေးအပ်လှူဒါန်း

ယင်းအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ စာအုပ် စာစောင်များ၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၂၃၂၅၀၀ တန်ဖိုးရှိ စာအုပ် စာစောင်များ၊ ဦးမှတ်ကြီးမိသားစုက ငွေကျပ် ၂၅၀၀၀၀တန်ဖိုးရှိ ဂျာနယ်မျိုးစုံ၊ ပေါ်ပြူလာဂျာနယ်က ငွေကျပ် ၁၂၄၀၀၀ တန်ဖိုးရှိ ဂျာနယ်မျိုးစုံ၊ အုံ့ကြီးသတော်ကျောင်းက ငွေကျပ် ၅၅၂၀၀တန်ဖိုးရှိ စာအုပ်မျိုးစုံ၊ မြို့နယ်ရဲတပ်ဖွဲ့က ငွေကျပ် ၄၅၀၀၀ တန်ဖိုးရှိ စာအုပ် စာစောင်များ၊ အလင်းသစ်ကဖီးက ငွေကျပ် ၄၁၀၀၀ တန်ဖိုးရှိ ဂျာနယ်မျိုးစုံနှင့် ရေဒီယိုနှစ်လုံး၊ ခရိုင်ပညာရေးမှူး ဦးသန်းစိုးက ရေဒီယို သုံးလုံး၊ ဆက်သွယ်ရေးတာဝန်ခံက ရေဒီယိုနှစ်လုံး အပါအဝင် အလှူရှင်များက စုစုပေါင်း ရေဒီယို ၁၇လုံး ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးသုံးစွဲလျှင်
သတိယှဉ်
အစဉ်သတိ
အမြဲရှိ

အာစရိယပူဇော်ကြမည်

ဗထူးတပ်မြို့ အထက

ဗထူးတပ်မြို့ အခြေခံပညာအထက်တန်းကျောင်း (ယခင် တပ်မတော်ကလေးများ အထက်တန်းကျောင်း) ကျောင်းသားဟောင်းများက အသက်(၆၀)ပြည့်နှစ်နှင့်အထက် ဆရာ ဆရာမကြီးများအား ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် နေပြည်တော်ရှိ ဘောဂသိဒ္ဓိစားသောက်ဆိုင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကိုညွန့်အောင် ဖုန်း-၀၁-၂၄၆၂၈၃၊ မသန်းသန်းနွဲ့ ဖုန်း-၇၃၀-၃၃၄၃၅၊ ကိုညွန့်မောင် ဖုန်း-၀၁-၅၂၄၃၁၆၊ မစန်းစန်း ဖုန်း-၀၁-၆၄၀၁၈၇၊ မခင်နီနီအောင် ဖုန်း-၀၉-၅၀၄၇၄၁၁၊ မစိုးစိုးရီ ဖုန်း-၀၉-၅၀၁၅၆၃၅၊ မယဉ်ယဉ်သောင်း ဖုန်း-၀၉-၅၁၄၂၀၁၅နှင့် ကိုကျော်ဆန်းထွန်း ဖုန်း-၀၁-၆၅၀၉၈၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မှော်ဘီ အထက(၂)

အထက(၂) မှော်ဘီ(ယခင်တပ်မတော်ကျောင်း)တွင် ၁၉၆၆-၁၉၆၇ ခုနှစ်မှ ၁၉၇၄-၁၉၇၅ခုနှစ်အထိ ပညာသင်ကြားပို့ချခဲ့ကြသော ဆရာ ဆရာမကြီးများနှင့် ၁၉၇၅-၁၉၇၆ ခုနှစ်မှ ၁၉၇၉-၁၉၈၀ ပြည့်နှစ်အတွင်း အထက်တန်းပြအဖြစ် ပညာသင်ကြားပို့ချခဲ့ကြသော ဆရာ ဆရာမကြီးများအား စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို မေတ္တာရောင်ခြည်ခန်းမ၌ ဇန်နဝါရီ ၉ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးသန်းထွန်း ဖုန်း-၀၁-၆၂၁၂၆၉၊ ဒေါက်တာ စောကလယ်ခူ ဖုန်း-၀၉-၅၁၆၅၈၁၇၊ ဦးမြသန်းထိုက် ဖုန်း-၀၉-၈၀၂၅၀၉၃၊ ဦးမြင့်ဝင်း ဖုန်း-၀၆၇-၄၂၁၄၃၈၊ ဒေါက်တာ သီဟကျော် ဖုန်း-၀၉-၅၁၅၃၆၈၇၊ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း) ဖုန်း-၀၉-၅၁၆၂၈၇၂၊ ဦးဇော်မင်း ဖုန်း-၀၁-၆၂၀၄၄၀၊ ဦးကျော်မင်း ဖုန်း-၀၉-၅၀၄၃၃၅၇၊ ဦးကာကျော် ဖုန်း-၀၉-၈၅၀၀၀၅၄၊ ဒေါ်အေးအေးစိုး ဖုန်း-၀၁-၆၂၀၈၈၀ နှင့် ဒေါ်စန်းယုမေ ဖုန်း-၇၃၁၀၁၉၀၀ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မင်းတုန်းအသင်း(ရန်ကုန်)

မင်းတုန်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ဗိုလ်တထောင်ဘုရားအနီး ပတ္တမြားကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ မင်းတုန်းသားကျောင်းသူများနှင့် အသင်းသားအသင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် (၇၅)နှစ်နှင့်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့ကြပြီး ၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်မည်ဖြစ်ရာ ဦးအောင်သိန်း ဖုန်း-၀၁-၆၉၉၀၃၂၊ ဦးစိန်သန်း ဖုန်း-၀၁-၃၇၀၅၆၁၊ ဒေါ်မြင့်မြင့်သန်း ဖုန်း-၀၁-၃၉၄၅၈၁၊ ဒေါ်သီတာဦး ဖုန်း-၀၉-၅၁၄၈၇၇၅၊ ဒေါက်တာ ဝင်းသူရ ဖုန်း-၀၉-၅၁၉၇၉၇၁ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

အထက (၂) ကမာရွတ်

အထက(၂)ကမာရွတ် ကျောင်းသားဟောင်းများ၏ (၁၃)ကြိမ်မြောက် ဆရာကန်တော့ပွဲကို ဇန်နဝါရီ ၈ရက် (စနေနေ့) ညနေ ၅ နာရီတွင်လည်းကောင်း၊ မိတ်ဆုံစားပွဲကို ထိုနေ့ည ၇နာရီတွင်လည်းကောင်း ရန်ကုန်မြို့ ပြည်လမ်းရှိ IBC ၌ ကျင်းပမည်ဖြစ်ရာ မိတ်ဆုံညစာစားပွဲလက်မှတ်များအတွက် နီနီမာ (Dolly Myint Thein) ဖုန်း-၀၉-၅၁၀၆၉၄၇၊ ၅၃၄၆၇၀၊ ပီတာဘသိန်း ဖုန်း-၀၉-၅၁၃၆၃၇၇၊ ၆၆၆၆၉၅၊ မော်မော်မြင့် ဖုန်း-၀၉-၅၀၆၈၀၆၅၊ ၅၃၅၈၀၅၊ ခင်တိုးယဉ် ဖုန်း-၀၉-၅၀၂၈၄၁၃၊ ၅၀၃၅၉၉ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မော်ကျွန်း အထက (၂)

မော်လမြိုင်ကျွန်းမြို့ အထက (၂)၏ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၆ ရက်(ကြာသပတေးနေ့) ညနေ ၆ နာရီတွင် သဇင်ဆောင်၌ ကျင်းပမည်ဖြစ်ရာ သက်ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးကျော်မိုးလွင် ဖုန်း-၀၉-၄၉၇၂၉၀၄၄၊ ဒေါ်လင်းလင်းဦး ဖုန်း-၀၉-၄၇၂၂၉၉၉၉၊ ဦးမျိုးဝင်းအောင် ဖုန်း-၀၉-၈၅၉၈၆၂၆၊ ဦးဇော်မင်းကြည် ဖုန်း-၀၉-၄၉၇၃၀၅၅၊ ဦးသိန်းဝင်း ဖုန်း-၀၉-၈၅၉၈၉၉၈၊ ဦးခိုင်ဇော် ဖုန်း-၀၉-၈၅၉၈၅၉၃ နှင့် ဦးသန်းနိုင်ဦး အထက(၂) ဖုန်း-၀၄၂-၅၀၁၁၈ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ညောင်ဖြူ အမက(၂)

ညောင်ဖြူမြို့(စံပြ) အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း(တောင်ပိုင်းရပ်)၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၂ရက် (စနေနေ့) ညနေ ၅နာရီတွင် အဆိုပါကျောင်း၏ နှစ်ထပ်တိုက်ကျောင်းဆောင်၌ ကျင်းပမည်ဖြစ်ရာ အဝေးရောက် အသက်(၆၀)ပြည့် အငြိမ်းစားဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို တောင်ပိုင်း အမက(ညောင်ဖြူ) ဖုန်း-၀၄၆-၂၅၃၅၆၊ မနီမာရှင်း (ညောင်ဖြူ) ဖုန်း-၀၉-၄၉၇၀၀၃၀၈၊ ကိုအောင်မိုးဇော်(ညောင်ဖြူ) ဖုန်း-၀၉-၈၅၃၄၃၂၅နှင့် ကိုဖြိုးဝေကျော်(ညောင်ဖြူ) ဖုန်း-၀၉-၈၅၈၅၁၁၁ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ
ကျောက်တန်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်တိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်တန်းမြို့ အလယ်ပိုင်းရပ်ကွက် မင်းကျောင်းလမ်းနှင့် ကမ်းနားလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။ **(အပေါ်ပုံ)**

ယင်းနောက် ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများထံ တာဝန်ရှိသူတစ်ဦးက လမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်သည်။ ထို့နောက် တာဝန်ရှိသူများက ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ကျောက်တန်းမြို့ရှိ ကဏန်းများကမ္ဘာ စက်မှုလက်မှုကုမ္ပဏီလီမိတက်သို့ ရောက်ရှိကြပြီး စက်ရုံအတွင်း ကဏန်းများတင်ပို့ရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုသည်။

ကဏန်းမျိုးစိုက်ထည့်

ဗိုလ်ချုပ်တင်ငွေသည် ဆက်လက်၍ ခုံးများ မွေးမြူထားရှိမှုကို ကြည့်ရှုပြီးနောက် ဒီရေတောအတွင်း ကဏန်းမျိုးများကို စိုက်ထည့်ပေးကြသည်။

ထို့မှတစ်ဆင့် သန်လျင်မြို့နယ်ရှိ ဇာမဏီအင်း ရေလှောင်တမံသို့ ရောက်ရှိကြကာ ရေလှောင်တမံအတွင်း ငါးမျိုးများစိုက်ထည့်ပေးပြီး ရေလှောင်တမံ၏ ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စလင်း၌ မိုးစပါးစံကွက် ရိတ်သိမ်း

စလင်း ဇန်နဝါရီ ၄

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်စိုက်တိုးမြှင့်အဖွဲ့နှင့် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးနေအောင်ကို ကြီးကြပ်၍ မြေစာရင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများ ဒီဇင်ဘာ၂၈ရက်က ၂၀၀၉-၂၀၁၀ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပရာသို့ မြေစာရင်းဦးစီးဌာန ရုံးချုပ်စာရင်းအင်း ညွှန်ကြားရေးမှူး ဦးအေးမောင်စိန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

ထွက်ရှိ

အဆိုပါမိုးစပါးစံကွက်မှာ ကွင်းအမှတ်(၄၉၅/ခ)၊ ဦးပိုင်အမှတ် (၂၆-ခ/၁)မှ တောင်သူ ဦးမြင့်လွင်ဦး၏ မနော်သုခစပါးမျိုး စိုက်ခင်းဖြစ်ပြီး စံကွက်ရိတ်သိမ်းမှုအရ တစ်ဧက ၇၁ဒသမ၈၀တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၄

ပြည်မြန်မာသတင်းဂျာနယ်အမှတ်(၇၅၀)ကို ရန်ကုန်မြို့ အနော်ရထာလမ်း(၃၉ လမ်းထောင့်)Central Tower ပထမထပ်ရှိ Swe Sone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "မြန်မာအိုင်တီပညာရှင်များ ပထမဆုံးတီထွင်လိုက်သည့် တစ်ကမ္ဘာလုံးသို့ ဖုန်းခေါ်ဆိုနိုင်သော VOIP ဖုန်းစနစ် အသုံးပြုနိုင်တော့မည်၊ ရန်ကုန်ကလေးဆေးရုံကြီးမှ ရင်ချင်းဆက်အမြွှာနှစ်တွဲကို ယခုနှစ်အတွင်း ခွဲစိတ်ကုသရန်ရှိ၊ ယခုနှစ် မြန်မာနိုင်ငံတွင် ဆယ်စုနှစ်လေးခုကျော်အတွင်း အအေးဆုံးစံချိန်ရောက်ရှိ၊ ကျောက်ဖြူထားဝယ်၊ စစ်တွေနှင့်မုံရွာတို့တွင် အိမ်ခြံမြေဈေးကွက်ကောင်းလာ၊ ဆိုမာလီမှ မြန်မာသင်္ဘောသား ၂၃ဦး ကျန်းမာစွာရှိနေပြီး သင်္ဘောကုမ္ပဏီနှင့်အဆက်အသွယ်ရရှိ၊ ပြည်တွင်း၌ ပုဂ္ဂလိက ဘီလပ်မြေစက်ရုံသစ် ၂၀ကို တည်ဆောက်ခွင့်ပြုထား၊ ကျပ်ငါးသိန်းတန်ဖုန်းနှစ်မျိုးစလုံးသုံးနိုင်သည့် ဟန်းဆက်ဈေးကွက်ပေါ်ပေါက်၊ မီးလောင်မှုဖြစ်ပွားပါက ကွန်ပျူတာဖြင့် လမ်းညွှန်ငြိမ်းသတ်သောစနစ် အကောင်အထည်ဖော်မည်၊ မိမိဖုန်းကို သူတစ်ပါးကိုင်တွယ်ပါက သုံးစက္ကန့်အတွင်း သိနိုင်သည့်ပစ္စည်းဝင်ရောက်၊ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများတွင် ခေတ်မီ e-custom စနစ်ဖြင့် ပြည်တွင်း၌ မကြာမီကျင့်သုံးမည်၊ မြန်မာဖောင့်ပါဝင်သည့် GSM ဟန်းဆက်များ ဈေးကွက်တွင်း စတင်ရောင်းချ၊ ကိုးနှစ်ပြည့် City FM နှစ်ပတ်လည်ပွဲကို ခမ်းနားစွာကျင်းပ၊ ပထမဆုံး အင်တာနက်ပေါ်မှ ဖုန်းဘေလ်ဆောင်နိုင်သော ဝန်ဆောင်မှုကိုစတင်၊ အမျိုးသမီးတစ်ဦးကိုအသေကိုက်သတ်ခဲ့သည့် ၁၁၂ပေါင်ရှိသော ခွေးကြီးကို ရဲအဖွဲ့က ပစ်သတ်ခဲ့ရ၊ ဟန္တိုင်းမြို့တည်နှစ် ၁၀၀၀မှသည် အနာဂတ်ဆီသို့၊ တရုတ်က ၂၆မိုင်ခွဲရှိသည့် ကမ္ဘာ့အရှည်ဆုံး ပင်လယ်ကူးတံတားကြီးဖွင့်လှစ်၊ မျက်မမြင်အမျိုးသမီးက ကမ္ဘာ့စံချိန်သစ်နှစ်ခုတင်၊ ၂၀၁၀ခုနှစ်၏ ထင်ပေါ်ကျော်ကြားမှုအရှိဆုံးပုဂ္ဂိုလ် ၁၀၊ ကမ္ဘာ့ပထမဆုံး အားလုံးအသက်ရှင်သည့် ခုနစ်မြွှာပူးများ အသက် ၁၃နှစ်ပြည့်ပြီ၊ ကမ္ဘာတစ်လွှား၌ နှစ်သစ်ကိုကြိုဆိုကြပုံများ၊ သဲကန္တာရအတွင်း မိုးသည်းထန်စွာရွာသွန်းအောင် ပြုလုပ်နိုင်မည့်နည်းလမ်းကိုတွေ့ရှိ" … စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့်ကလေး ပြိုင်ပွဲဆုပေးပွဲကို ဒီဇင်ဘာ ၃၁ ရက်က အထက(၁) ကျောင်းခန်းမ၌ကျင်းပရာ အမြွှာကလေးပြိုင်ပွဲဆုရရှိသူများအား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ဝင်းက ဆုချီးမြှင့်စဉ်။ (၁၂၃)

Santini မှ ဟိုတယ်သင်တန်းများ ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၄

Santini International Training Academy က နိုင်ငံတကာအဆင့်မီ ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများကို သင်ကြားပေးလျက်ရှိရာ ၄င်းသင်တန်းကျောင်းသည် Front Office Operation, Food & Beverage Operation နှင့် Housekeeping Operation သင်တန်းများကို အခြေခံကာလတိုသင်တန်းများအပြင် Management Level အဆင့်အထိ သင်ကြားပေးပြီး သင်တန်းအားလုံးမှာ AH & LA မှ တိုက်ရိုက်ချီးမြှင့်သည့် လက်မှတ်များ ရရှိမည်ဖြစ်သည်။ TRAC (Hospitality Short Courses) များမှာ ဟိုတယ်လုပ်ငန်းနယ်ပယ်သို့ စတင်ဝင်ရောက်မည့်သူများအတွက် အထူးသင့်လျော်ပြီး သင်တန်းပြီးဆုံးလျှင် နိုင်ငံတကာအဆင့်မီဟိုတယ်များသို့ အလုပ်သင်လုပ်ငန်းခွင် (On Job Training) များပါ ပါဝင်သည့်အတွက် သင်တန်းပြီးဆုံးသည်နှင့် စာတွေ့၊လက်တွေ့ ကျွမ်းကျင်နိုင်ပြီး အာမခံချက်ပြည့်ဝသော နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရရှိမည်ဖြစ်သည်။ Management Level သင်တန်းမှာ အတွေ့အကြုံ တစ်နှစ်နှင့်အထက်ရှိသူများသို့မဟုတ် TRAC (Hospitality Short Courses) ပြီးဆုံး၍ Certificate ရှိပြီးသူများ တက်ရောက်နိုင်ပြီး ဝင်ခွင့်အင်္ဂလိပ်စာ ဖြေဆိုရမည်ဖြစ်သည်။ တစ်နှစ်လျှင် ဝင်ခွင့်သုံးကြိမ်ရှိ၍ သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်သည်။

Diploma သင်တန်းများအနေနှင့် အင်္ဂလန်နိုင်ငံ City & Guilds အသိအမှတ်ပြု ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများကို ဖေဖော်ဝါရီလကုန်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ၄င်းသင်တန်းများအတွက် လူဦးရေ ကန့်သတ်ထားသည်။ ကျောင်းအပ်ရန်နှင့် အသေးစိတ်သိရှိလိုပါက အမှတ် ၁၇၀/၁၇၆ နယူးဇရာဟိုတယ် ပထမထပ်(အာလာဒင်ဂိမ်းစင်တာအနီး) ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၃၇၃၉နှင့် ၃၈၃၇၄၀တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့ဂုဏ်ပြု လမ်းများဖွင့်

တိုက်ကြီးမြို့ ရှမ်းစုရပ်ကွက် ရှမ်းဘက်(၂)လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်သီဟ တက်ရောက်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ သူရဦးမြင့်သူတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကော့ကရိတ်မြို့ ပြည့်စုံလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ရက်က ကျင်းပရာ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီး ကြည်လွင်၊ ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

တောင်ကုတ်မြို့ နီးကြားရေးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပရာ တာဝန်ရှိသူများက ကတ္တရာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

သံတွဲမြို့နယ် ချယ်ရီလမ်း ကတ္တရာထပ်ပိုးလွှာခင်း လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက်ကကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးထွန်းဝေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံမြို့ သီတာလမ်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပရာ ဖျာပုံခရိုင်ဥက္ကဋ္ဌ ဦးကျော်စိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးနှင့် မြို့မိ မြို့ဖ ဦးမျိုးမြင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၃၇)

လှိုင်းဘွဲမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

5-1 (06).pmd 1 1/5/2011, 2:22 AM

ရောဝတီယူနိုက်တက်အသင်း

လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ရောဝတီတိုင်းဒေသကြီး ကိုယ်စားပြု ရောဝတီယူနိုက်တက်အသင်းအား လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ဇန်နဝါရီ ၂ ရက် ည ၇ နာရီက ဆီဒိုးနားဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ရောဝတီယူနိုက်တက် ဘောလုံးအသင်း နာယက ဦးစိုးဟန်လင်း၊ ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စာနယ်ဇင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ရောဝတီယူနိုက်တက် ဘောလုံးအသင်းနာယက ဦးစိုးဟန်လင်းတို့က

အမှာစကားပြောကြားသည်။ ယင်းနောက် ရောဝတီယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးရန်ဝင်းက အသင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရောဝတီယူနိုက်တက်အသင်းအား လွှဲပြောင်းလက်ခံရန် အသင်းပိုင်ရှင်ဟောင်း Premier Coffee Co.,Ltd. မှ တာဝန်ရှိသူများနှင့် ရောဝတီယူနိုက်တက် အသင်း နာယက ဦးစိုးဟန်လင်း၊ ဥက္ကဋ္ဌ ဦးရန်ဝင်းတို့က လက်မှတ်ရေးထိုးကြသည်။ **(ဓာတ်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် မီဒီယာများက သိလိုသည်များကို မေးမြန်းကြရာ အထွေထွေ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အုပ်ချုပ်သူ ဦးတင်မြင့်အောင်တို့က ရှင်းလင်းပြောကြားသည်။

ပြင်ဆင်

ရောဝတီယူနိုက်တက်ဘောလုံးအသင်းကို ရောဝတီတိုင်းဒေသကြီး အတွင်းမှ စီးပွားရေးလုပ်ငန်းရှင် ၂၆ ဦးကပူးပေါင်းကာ ဆောင်ရွက်နေခြင်း ဖြစ်ပြီး ၂၀၁၁ခုနှစ် MNL ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဘဏ္ဍာ/အခွန် ဝန်ကြီး ဦးလှထွန်း လုပ်ငန်းဆိုင်ရာများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ဒီဇင်ဘာ ၂၄ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ရန်ကုန်ရုံးခွဲ၏ စီမံခန့်ခွဲရေးဌာန၊ ငွေကြေးဌာန၊ ဘဏ်တွင်း စာရင်းစစ်နှင့် ဘဏ်လုပ်ငန်းများကြီးကြပ်စစ်ဆေးရေးဌာန၊ သုတေသနနှင့် အလုပ်သင်ကြားရေးဌာန၊စာရင်းဌာန၊ဘဏ်လုပ်ငန်းစိစစ်ရေးဌာနတို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ အလုံမြို့နယ်ရှိ အကောက်ခွန်ဦးစီးဌာန ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲရုံးနှင့် ကုန်လှောင်ရုံ တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကုန်သည်လမ်းရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ ပို့ကုန်ဌာနနှင့်သွင်းကုန်ဌာနတို့၌ နိုင်ငံခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း အသက်အာမခံဌာန(တပ်မတော်) အဆောက်အအုံ ပြုပြင်မွမ်းမံမှုလုပ်ငန်းများကို လည်းကောင်း၊ ဆူးလေဘုရားလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)နှင့် ငွေစုဘဏ်ခွဲ(၂) တို့သို့ ရောက်ရှိပြီး ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု

အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု၏ ဒသမအကြိမ်အာစရိယပူဇော်ပွဲကို တက္ကသိုလ်များဓမ္မာရုံ၌ ဒီဇင်ဘာ ၂၆ရက် မွန်းလွဲ ၁ နာရီကကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာ ပါမောက္ခဌာနမှူး ဒေါက်တာ ခင်ဆန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပါမောက္ခဒေါက်တာအောင်မြင့်ဦးက အပူဇော်ခံ ဆရာ ဆရာမကြီးများနှင့် ပရိသတ်များအား မိတ်ဆက်ပေးသည်။ ထို့နောက် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။

အပူဇော်ခံ ဆရာ ဆရာမကြီးများကိုယ်စား ဆရာကြီး ဒေါက်တာထွန်းတင့်နှင့် ဆရာမကြီးဒေါ်သန်းသန်းတို့က ဆုပေးဩဝါဒစကား ပြောကြားပေးပြီး အမျိုးသားစာပေဆု၊ စာပေဗိမာန်ဆုနှင့် အခြားစာပေဆုရရှိသူများအား မြန်မာစာမိသားစုက ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။**(မြန်မာ့အလင်း)**

ကျိုင်းတုံခရိုင် ဥက္ကဋ္ဌဖလား

ဘောလုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ကျိုင်းတုံ ဇန်နဝါရီ ၄

ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၆ရက် ညနေ ၃နာရီက ကျိုင်းတုံ မြို့မအားကစားကွင်း၌ကျင်းပရာ ဗိုလ်လုပွဲအဖြစ် မထသအသင်းနှင့် အမှတ်(၄)ရပ်ကွက်အသင်းတို့ယှဉ်ပြိုင်သည့်ပွဲ၌ အမှတ်(၄) ရပ်ကွက်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌ ဦးကြည်တင်က ပထမဆုရရှိသော ရပ်ကွက်(၄)အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့်ဆုဖလားကိုလည်းကောင်း၊ **(ယာပုံ)**ခရိုင်အတွင်းရေးမှူး ဦးခင်မောင်တင်က ဒုတိယဆုရရှိသော မထသ အသင်းအားလည်းကောင်း၊ ခရိုင် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကျော်ဦးက ပူးတွဲတတိယဆု ရရှိသော လွယ်မွေလူငယ်အသင်းနှင့် ရွှေရေကန်အသင်းအားလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးဆု ရရှိသူများအား တာဝန်ရှိသူများကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

စုပေါင်းလမ်းလျှောက်

လှိုင်သာယာမြို့နယ် ဒီဇင်ဘာနောက်ဆုံးပတ် လူထုလမ်းလျှောက်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်စိုး ဦးဆောင်လျက် ဒီဇင်ဘာ ၂၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးရှေ့စုရပ်မှ အောင်ဇေယျကြိုးတံတားအထိ စုပေါင်းလမ်းလျှောက်ကြစဉ်။ (ဝ၉၇)

Horizon Beach Soccer ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် Horizon Sports Academy တို့ ပူးပေါင်း၍ ပထမအကြိမ် Horizon Beach Soccer Cup ပြိုင်ပွဲကို ဇန်နဝါရီ ၁၅ရက်နှင့် ၁၆ရက်တွင် သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်း အမှတ်(၂၃၅)ရှိ Horizon International School တွင် ကျင်းပသွားမည်ဖြစ်သည်။

ပေးသွင်းနိုင်

ဆုကြေးများအဖြစ် ပထမဆုငွေကျပ်နှစ်သိန်း၊ ဒုတိယဆုငွေကျပ် ၁၅၀၀၀၀၊ တတိယဆုငွေကျပ်တစ်သိန်းကို ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းအရေအတွက် ၂၄သင်းသာ လက်ခံမည်ဖြစ်ကြောင်း သိရသည်။ အပြည်ပြည်ဆိုင်ရာ Beach Soccer စည်းမျဉ်းအတိုင်း ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ဇန်နဝါရီ ၁၂ရက် ညနေ ၃နာရီ နောက်ဆုံးထား၍ ဗဟန်းမြို့နယ် ဖိုးစိန်လမ်းရှိ Horizon International School တွင် လာရောက်စာရင်းပေးသွင်းနိုင်သည်။ Sponsers များအဖြစ် Asepso, Melior, Oramin-G, Grand Furniture, Panasonic နှင့် United Living Mall တို့က ပံ့ပိုးကူညီကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘောလုံးပြိုင်ပွဲဖွင့်

ကျွန်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စု အလိုက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၁၆ ရက်က မြို့နယ်အားကစားကွင်း၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကားပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

မြို့တွင်းလမ်း ကောင်းမွန်ရေး သီပေါ၌ ဆောင်ရွက်

သီပေါ ဇန်နဝါရီ ၄

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် ဈေးရပ်ကွက်-လမ်းမတော်လမ်းတွင် လမ်းပေါက်ဖာထေးခြင်း ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ဒီဇင်ဘာ ၅ရက်က ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးတင်မောင်ကျော်က လုပ်ငန်းဆောင်ရွက်ထားမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

◆ *ကျောဖုံးမှ*

ဝင်ရောက်နေရာယူ

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးနှင့် ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများသည် သတ်မှတ်ထားသော စုရပ်အသီးသီးမှ မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ နံနက် ၆နာရီတွင် ဝင်ရောက်နေရာယူကြသည်။

ထို့အတူ အခမ်းအနားကျင်းပရာ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရုံးအဖွဲ့မှူးများ၊ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဝင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်ရှိ တိုင်းရင်းသားကိုယ်စားလှယ်များကလည်း သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

တက်ရောက်

၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အလံလွှင့်တင်

ရှေးဦးစွာ နံနက် ၄နာရီ မိနစ် ၂၀တွင် ၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကိုကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ယင်းနောက် နံနက် ၇နာရီတွင် ၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော် (ကြည်း၊ရေ၊လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက် အခမ်းအနားကျင်းပရာသို့ ၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

အလေးပြုခြင်းခံယူ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့၊ ပြည်သူလူထုကြီးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကိုတီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ရဲဘော်အပေါင်းတို့အား အလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ

၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပစဉ်။
(သတင်းစဉ်)

၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော်မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ အင်ကြင်းပန်းအဝိုင်း၊ ကံ့ကော်ပန်းအဝိုင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ကျောက်စိမ်းဥယျာဉ်၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေး၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ လျှို့ပိတ်ဆည်နှင့် လူနေအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးအလှများ၊ လျှပ်ပြေးမီးရောင်စုံများကို လှပခံ့ညားစွာ ထွန်းညှိထားကြစဉ်။
(သတင်းစဉ်)

တောင်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးနည်းဖွယ်ရှိ

နေပြည်တော် ဇန်နဝါရီ ၄

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၂ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၄ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၅ရက် ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။

)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်
ကို နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်
(သတင်းစဉ်)

ပြုခြင်းကို
ပြည်သူ
ထောင်စု
အလေးပြု
နိုင်ငံတော်

ပြုတပ်ဖွဲ့
ရဲဘော်
လေးပြု၍
ခဲ့သည်။
ထောင်စု
အေးချမ်း
ကောင်စီ
သန်းရွှေ
မြောက်
အနားသို့
် ၂၀၁၁
်လပ်ရေး
ဗိုဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး က ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားကျင်းပရာ နေရာမှ ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးသည် မြို့တော်ခန်းမရှေ့ရင်ပြင်မှ ပြန်လည်ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လုပခုံ့ညားစွာ ထွန်းညှိ

၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုညဖြစ်သည့် ယမန်နေ့ညနှင့် ယနေ့ညတို့တွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော်မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ အင်ကြင်းပန်းအဝိုင်း၊ ကံ့ကော်ပန်းအဝိုင်း၊ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်၊ ကျောက်စိမ်းဥယျာဉ်၊ နေပြည်တော် မြို့မဈေး၊ သပြေကုန်းဈေး၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ လျှပ်စစ်တိုင်များ၊ လျှပ်စစ်ပိုက်ဆည်နှင့် လူနေအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးအလှများ၊ လျှပ်ပြေးမီးရောင်စုံများကို လုပခုံ့ညားစွာ ထွန်းညှိ၍ ၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အား ဂုဏ်ပြုကြသည်ကို တွေ့ရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အင်္ဂါဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ **မြူးမြူးကြွကြွ ယဉ်ကျေးမှုအက**
၈:၁၅ ၇။ တေးသရုပ်ဖော်အစီအစဉ်
၈:၂၀ ၈။ **ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ**
၈:၃၀ ၉။ အဆိုပြိုင်ပွဲ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၅ ၃။ သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှု အစီအစဉ်
၄:၃၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) (မြန်မာ့ရေးရာ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀ ၇။ သီချင်းကြီးပဒေသာ
၅:၂၀ ၈။ **ဆီးချိုသွေးချိုကာကွယ်ပါ**
၅:၄၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၅၀ ၁၀။ International Science News
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၃၅ ၁၄။ ရွှေရင်ခုန်သံ
၇:၀၀ ၁၅။ **ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်**
၇:၃၀ ၁၆။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ** (အပိုင်း-၇)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၂၄)
၂၂။ မြန်မာဗီဒီယိုဇာတ်လမ်း **အချစ်ခွန်အား** မင်းမော်ကွန်း၊ ခိုင်သင်းကြည် (ဒါရိုက်တာ-အောင်ဇပါဝါ)
၂၃။ အစီအစဉ်ပြီး၏။

တက်ရောက်သူများ

၂၀၁၁ခုနှစ် (၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ နိုင်ငံတစ်ဝန်းလုံး၌စည်ကားစွာကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့နယ်များ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့ရှိ အမှတ်(၉)၊ အမှတ်(၁၀)နှင့် အမှတ်(၁၁)အခြေခံပညာ အထက်တန်းကျောင်းတို့၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများအဖြစ် စက်ဘီးစီးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဦးစီး၍ ကျင်းပကြသည်။

အလားတူ အမှတ်(၅)၊ အမှတ်(၆)နှင့် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းများ၊ ရပ်ကွက်အသီးသီးရှိ ဝန်ထမ်းအိမ်ရာများ၌လည်း ပျော်ပွဲရွှင်ပွဲနှင့်အားကစားပြိုင်ပွဲများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြသည်။

ပေးအပ်ချီးမြှင့်

ထို့အတူ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ မြို့နယ်များ၊ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ယနေ့ မိသားစုများ၏ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲကို နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းနှင့် ဗဟိုလမ်းထောင့်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေရာဝင်းအားကစားကွင်း၌ ကျင်းပရာ ဌာန(၂၁)ဌာနတို့မှ ဝန်ထမ်းများနှင့် မိသားစုများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ရုံးပိတ်အားလပ်ရက်ဖြစ်သဖြင့် ကန်တော်ကြီး၊ တိရစ္ဆာန်ဥယျာဉ်၊ ရေချိုငါးပြတိုက်နှင့် ကန်တော်မင်္ဂလာပန်းခြံတို့၌ မိသားစုလိုက် လာရောက်လေ့လာ အနားယူ အပန်းဖြေကြရာ စည်ကားများပြားလျက်ရှိသည်။

လက်ခုပ်သြဘာသံများညံ

အလားတူ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အဖြစ် ပျော်ပွဲရွှင်ပွဲနှင့် အားကစား

၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ မြို့နယ်များ၊ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြစဉ်။
(သတင်းစဉ်)

နံနက်ပိုင်းမှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြရာ ရပ်ကွက်သူ ရပ်ကွက်သားများ၊ လမ်းသူလမ်းသားများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။ ရပ်ကွက်အချို့၌ ညပိုင်းတွင် အငြိမ့်ပွဲများ ထည့်သွင်းကျင်းပသည်ကိုလည်း တွေ့ရသည်။

(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်း

ပြိုင်ပွဲများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ ဌာနအလိုက်၊ မြို့နယ်အလိုက်၊ ရပ်ကွက်နှင့် ကျေးရွာအလိုက် ပျော်ပွဲရွှင်ပွဲများ၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများအပြင် ရိုးရာအားကစားနည်း ပြိုင်ပွဲများကိုပါ ကျင်းပဆင်နွှဲကြရာ လွတ်လပ်ရေးနေ့တွင် နိုင်ငံတစ်ဝန်းလုံး၌ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ၏ လက်ခုပ်သြဘာသံများ ခြိမ့်ညံလျက်ရှိသည်။
(သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်အနောက်ပိုင်းခရိုင် မြို့နယ်ပေါင်းစုံ အမျိုးသား လွန်ဆွဲပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပန်းဘဲတန်းမြို့နယ်အသင်းနှင့် ကြည့်မြင်တိုင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကြစဉ်။
(သတင်းစဉ်)

၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ မြို့နယ်များ၊ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြစဉ်။
(သတင်းစဉ်)

က်ကျား မိုးနည်းဖွယ်ရှိ

ရီ ၄

ဦးချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက
သကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့်
ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင်
်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက်
နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီ
ည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း
တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီ
ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။
ရိတ်၊ ပင်လောင်းမြို့တွင် ၂ဒီဂရီစင်တီဂရိတ်၊
ရိတ်စီတို့ ဖြစ်ကြသည်။
်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ
ယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေ

ရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုး
ယ်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်
ဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်
းဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

တာင်ပိုင်းဒေသများတွင် နေရာကွက်ကျား

င့်သာယာမည်။
ာယာမည်။
သာယာမည်။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား သဝဏ်လွှာများဖတ်ကြား

ရွှေပြည်သာမြို့နယ်ဥက္ကဋ္ဌ ဦးညီညီအောင် သဝဏ်လွှာ ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ကြည့်မြင်တိုင်မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရဲသွေး သဝဏ်လွှာ ဖတ်ကြားစဉ်။ (၁၆၄)

ဆိပ်ကမ်းမြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင် သဝဏ်လွှာ ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

စမ်းချောင်းမြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင် သဝဏ်လွှာ ဖတ်ကြားစဉ်။ (၁၀၃)

မင်္ဂလာတောင်ညွန့်မြို့နယ်ဥက္ကဋ္ဌ ဦးဇေယျာအုန်း သဝဏ်လွှာ ဖတ်ကြားစဉ်။ (၁၂၃)

ထန်းတပင်မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုး သဝဏ်လွှာ ဖတ်ကြားစဉ်။ (၁၈၃)



ရန်ကင်းမြို့နယ်ဥက္ကဋ္ဌ ဦးဝင်းအောင် သဝဏ်လွှာ ဖတ်ကြားစဉ်။ (၁၇၀)

အင်းစိန်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေ သဝဏ်လွှာ ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

သန်လျင်မြို့နယ်ဥက္ကဋ္ဌ ဦးမိုးခိုင်ထွန်း သဝဏ်လွှာ ဖတ်ကြားစဉ်။ (၁၈၄)

ဗိုလ်တထောင်မြို့နယ်ဥက္ကဋ္ဌ ဦးသန့်ဇော်ဦး သဝဏ်လွှာ ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

တာမွေမြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း သဝဏ်လွှာ ဖတ်ကြားစဉ်။ (၁၇၁)

လွတ်လပ်ရေးနေ့ အခမ်းအနား တပ်ကုန်းမြို့နယ်၌ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်က နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်တွင် (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနား၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူကဖတ်ကြားပြီး အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ထွေ/အုပ်)

နေပြည်တော်မြန်မာ့အသံ

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)
၆-၁-၂၀၁၁

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော်(ဝမ္မသုတ်+ဂုဏ်တော် ကွန်ချာ)
၇း၃၀ ခမ္မပူဇာတေးပဒေသာ
၇း၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (စိတ်ကောင်းမွေးခြင်း)
၈း၃၅ တေးပဒေသာ
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ညွှန်းဖွဲ့သီရေး သူ့အလှည့်တေး (ရွှေကျော်ကျော်)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (နေစွမ်းအင်သုံးလေယာဉ်ဖြင့် ကမ္ဘာပတ်နိုင်ပြီ)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (သိမှတ်ဖွယ်ရာ မြန်မာ့ရိုးရာ လက်ထပ်မင်္ဂလာ)
၁၂း၃၀ Music Talk တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ အမှတ်တရတေးလက်ဆောင်
၁၇း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (တစ်ခြမ်းတည်းမကျော်ပါစေနှင့်) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ရေဒီယိုဇာတ်လမ်းတွဲများ (အပြင်းစားဉယျာဉ်မှူး-ဇာတ်သိမ်းပိုင်း)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ချိုသောအဆိပ်)
၁၈း၄၅ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါ တေးပဒေသာ **နိုင်ငံရေးဦးတည်ချက်**
၁၉း၃၀ သုတစုံကြွယ်သိစေဖွယ် (ပျားကိုပုံပြု ပျားလိုစု)
၁၉း၄၀ ရေဒီယိုအတိတ်တေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (သရုပ်ဆောင်- ကျော်ကျော်ဗိုနှင့် ယဉ်ယဉ်မင်းတို့ မိသားစု)
၂၀း၅၀ သူ့လက်သံ (အကယ်ဒမီ ဂီတလုလင် ဦးကိုကိုရဲ့ အော်ဂင်လက်သံ) **စီးပွားရေးဦးတည်ချက်**
၂၁း၀၀ ဆောင်းပါး (ကလစ်များဖြင့် ခိုင်မြဲအောင်)
၂၁း၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် **လူမှုရေးဦးတည်ချက်** ညချမ်းချိန်ခါတေးပဒေသာ

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား သဝဏ်လွှာများ ဖတ်ကြား

လှိုင်မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်စိုး သဝဏ်လွှာဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

အမှတ်(၁) အခြေခံ ပညာ အထက် တန်း ကျောင်း (ဒဂုံ မြို့နယ်) ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာ ရေး စုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က အမှတ် (၃) အခြေခံ ပညာ ဦးစီး ဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကိုကို၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွှန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြန်မာ့အလင်း)

ဒေါပုံမြို့နယ် ဥက္ကဋ္ဌ ဦးမျိုးနိုင် သဝဏ်လွှာဖတ်ကြားစဉ်။ (၂၁၁)



နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်ဥက္ကဋ္ဌ ဦးရည်မွန် သဝဏ်လွှာဖတ်ကြားစဉ်။ (သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ် ဥက္ကဋ္ဌ ဦးငြိမ်းထွေး သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

လယ်းမတော်မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဆင့် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ကမာရွတ်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်တင် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဗဟန်းမြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း သဝဏ်လွှာဖတ်ကြားစဉ်။ (၁၃၅)

ကျောက်တံတားမြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျ သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မင်း သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

လှည်းကူးမြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကို သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

အလုံမြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

လှိုင်သာယာ၌ သဝဏ်လွှာ ဖတ်ကြား

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၇နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမြက်ခင်းပြင်၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အလံအား အလေးပြု၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထိန်စိုးက ဖတ်ကြားသည်။

ဆုချီးမြှင့်

ထို့နောက် အမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိသော စာရေးဆရာ ဦးမြတ်ဝေတိုး (မြတ်ဝေတိုး ပညာရေးတက္ကသိုလ်)နှင့် (၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ထူးချွန်ဆု ရရှိကြသော ကျောင်းသားကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ (၀၉၇)

မြို့သာယာလှပရေး လှိုင်းဘွဲ၌ ဆောင်ရွက်

လှိုင်းဘွဲ ဇန်နဝါရီ ၄

လှိုင်းဘွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့သာယာလှပရေး လုပ်ငန်းဖြစ်သည့် ကပ်တုံးများပြုလုပ်ခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဦးသိန်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

စာပေမြင့်မှ လူမျိုးတင့်မည်

ချစ်ခင်ပွန်း ဦးခွန်နောင်မြင့်ဝေ အတွက် မွေးနေ့ဆုတောင်း

၅-၁-၂၀၁၁ရက်တွင် ကျရောက်သော မောင့်မွေးနေ့မင်္ဂလာရက်မြတ်မှသည် အသက်ရာကျော်တိုင် ချစ်ဇနီး၊ ချစ်သားကြီး၊ ချစ်သားလေးတို့နှင့်အတူ ကျန်းမာ၊ ချမ်းသာ၊ ပျော်ရွှင်မှုများစွာဖြင့် ဘဝခရီးမှာ အောင်မြင်မှုများစွာနှင့် လျှောက်လှမ်းနိုင်ပါစေ-

ချစ်ဇနီး - ဒေါ်အဏ္ဏဝါလင်းဦး
ချစ်သားကြီး - ထိပ်ခွန်နောင်မြင့်ဝေ
ချစ်သားလေး - လွင်နောင်မြင့်ဝေ။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အဆင့်မြင့်ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကြီး

ကျင်းပမည့်မြို့ - မြိတ်မြို့
ကျင်းပမည့်ရက် - ၁၁-၁-၂၀၁၁ရက်မှ ၁၆-၁-၂၀၁၁ရက်အထိ
ကျင်းပမည့်နေရာ - မြို့မအားကစားကွင်း။
ကျင်းပမည့်မြို့ - ကော့သောင်းမြို့
ကျင်းပမည့်ရက် - ၂၀-၁-၂၀၁၁ရက် မှ ၂၅-၁-၂၀၁၁ရက်အထိ
ကျင်းပမည့်နေရာ - ရန်ကြီးအောင်အားကစားကွင်း။
ကျင်းပမည့်မြို့ - ဘုတ်ပြင်းမြို့
ကျင်းပမည့်ရက် - ၂၉-၁-၂၀၁၁ရက် မှ ၃-၂-၂၀၁၁ရက်အထိ
ကျင်းပမည့်နေရာ - ဘုရားကွင်း။
ဆက်သွယ်ရန်လိပ်စာ - မြင့်သော်တာထွန်းကုမ္ပဏီလီမိတက်၊ ဖုန်း-၀၁-၆၉၁၆၇၃၊ ၀၉-၈၆-၃၅၈၃၂၊ ၀၉-၈၆-၃၅၀၃၂၊ ၀၉-၄၉-၂၄၂၂၉၂၊ ၀၉-၄၉-၂၇၃၄၁၁။

ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်း လမ်းပိုင်းအလိုက် ယာဉ်ဖြတ်သန်းခကောက်ခံမည့် နှုန်းထားများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၄

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ကို ၂၀၀၉ခုနှစ် မတ်၂၅ရက်တွင်လည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-မန္တလေးလမ်းပိုင်း)ကို ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၂၉ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့သဖြင့် ယခုအခါ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို တစ်ဆက်တစ်စပ်တည်း အသုံးပြုသွားလာနိုင်ကြပြီ ဖြစ်သည်။

အဆိုပါ အမြန်လမ်းမကြီးအသုံးပြု၍ သွားလာကြမည့် မော်တော်ယာဉ်များအတွက် ယာဉ်ဖြတ်သန်းခများကို ဇန်နဝါရီ ၆ရက်မှစ၍ ကောက်ခံသွားမည်ဖြစ်ရာ ယာဉ်ဖြတ်သန်းခ ကောက်ခံမည့် နှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရသည်-

အမှတ်(၃)လမ်းဆုံဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
အမှတ်(၃)လမ်းဆုံမှ ဖြူး	၁၅၀၀ိ	၃၀၀၀ိ	၄၅၀၀ိ	၇၅၀၀ိ
အမှတ်(၃)လမ်းဆုံမှ နေပြည်တော်	၂၅၀၀ိ	၅၀၀၀ိ	၇၅၀၀ိ	၁၂၅၀၀ိ
အမှတ်(၃)လမ်းဆုံမှမိတ္ထီလာ(သီးကုန်း)	၃၅၀၀ိ	၇၀၀၀ိ	၁၀၅၀၀ိ	၁၇၅၀၀ိ
အမှတ်(၃)လမ်းဆုံမှ စကားအင်း(မန္တလေး)	၄၅၀၀ိ	၉၀၀၀ိ	၁၃၅၀၀ိ	၂၂၅၀၀ိ

ဖြူးဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
ဖြူးမှ နေပြည်တော်	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
ဖြူးမှ မိတ္ထီလာ(သီးကုန်း)	၂၀၀၀ိ	၄၀၀၀ိ	၆၀၀၀ိ	၁၀၀၀၀ိ
ဖြူးမှ စကားအင်း(မန္တလေး)	၃၀၀၀ိ	၆၀၀၀ိ	၉၀၀၀ိ	၁၅၀၀၀ိ
ဖြူးမှ အမှတ်(၃)လမ်းဆုံ	၁၅၀၀ိ	၃၀၀၀ိ	၄၅၀၀ိ	၇၅၀၀ိ

နေပြည်တော်ဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
နေပြည်တော်မှ မိတ္ထီလာ(သီးကုန်း)	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
နေပြည်တော်မှ စကားအင်း(မန္တလေး)	၂၀၀၀ိ	၄၀၀၀ိ	၆၀၀၀ိ	၁၀၀၀၀ိ
နေပြည်တော်မှ ဖြူး	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
နေပြည်တော်မှ အမှတ်(၃)လမ်းဆုံ	၂၅၀၀ိ	၅၀၀၀ိ	၇၅၀၀ိ	၁၂၅၀၀ိ

မိတ္ထီလာ (သီးကုန်း) ဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
မိတ္ထီလာ(သီးကုန်း)မှ စကားအင်း(မန္တလေး)	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
မိတ္ထီလာ(သီးကုန်း)မှ နေပြည်တော်	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
မိတ္ထီလာ(သီးကုန်း)မှ ဖြူး	၂၀၀၀ိ	၄၀၀၀ိ	၆၀၀၀ိ	၁၀၀၀၀ိ
မိတ္ထီလာ(သီးကုန်း)မှ အမှတ်(၃)လမ်းဆုံ	၃၅၀၀ိ	၇၀၀၀ိ	၁၀၅၀၀ိ	၁၇၅၀၀ိ

စကားအင်း(မန္တလေး) ဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
စကားအင်း(မန္တလေး)မှ မိတ္ထီလာ(သီးကုန်း)	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
စကားအင်း(မန္တလေး)မှ နေပြည်တော်	၂၀၀၀ိ	၄၀၀၀ိ	၆၀၀၀ိ	၁၀၀၀၀ိ
စကားအင်း(မန္တလေး)မှ ဖြူး	၃၀၀၀ိ	၆၀၀၀ိ	၉၀၀၀ိ	၁၅၀၀၀ိ
စကားအင်း(မန္တလေး)မှ အမှတ်(၃)လမ်းဆုံ	၄၅၀၀ိ	၉၀၀၀ိ	၁၃၅၀၀ိ	၂၂၅၀၀ိ

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၁၀ ၃။ နိုင်ငံတော်သီချင်း
၄:၁၅ ၄။ အဖွင့်သီချင်း
၄:၂၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၆။ ရှေးဟောင်းသုတ
၄:၃၀ ၇။ မျိုးချစ်တပ်မတော်
၄:၃၅ ၈။ လျှပ်တစ်ပြက်
၄:၄၀ ၉။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၄၅ ၁၀။ မြန်မာ့ရှုခင်း
၅:၃၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၂၇)
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၅။ Mail Box
၆:၄၅ ၁၆။ ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ** (အပိုင်း-၃၅)
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိပ်မက်ကောင်းကင်** (အပိုင်း-၂၀)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ရယ်စရာရွှင်စရာ ဟာသပဒေသာ **ဖြစ်ချင်ဦးဟဲ့ ဒါရိုက်တာ** အရိုင်း၊ ငှက်ပျောကြော်၊ ကင်းကောင်၊ ဖိုးဖြူ၊ မင်းညီ၊ ပြာလောင်၊ မိုးယုစံ၊ ရွှေပန်းချီ (ဒါရိုက်တာ-ရဲဝင်းနီ)
၂၃။ Internet Website ကဏ္ဍ/အိုင်စီတီသုတ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်းအလှနှင့် ဘဝကဗျာ** (အပိုင်း -၂၂)

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဇာတ်တော်ကြီးများတင်ဆက်ကပြမည်

မြန်မာ့သဘင်လောကတွင် 'နေ'တစ်ဆူ 'လ'တစ်ဆူပမာ ထင်ရှားခဲ့ကြသော ပညာရှင်ကြီးများကို ပြန်လည်အမှတ်ရ ဂုဏ်ပြုခြင်းအားဖြင့် လည်းကောင်း၊ နောင်လာနောက်သား သဘင်ပညာရှင်များအား မြန်မာ့ယဉ်ကျေးမှု အနုပညာအမွေကို လက်ဆင့်ကမ်းရန်အတွက်လည်းကောင်း

အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၏ မဟာဗုဒ္ဓဝင် ဖွားတော်မူခန်းနှင့်
ရွှေကျီးညို၊ ပဲခူးမြ တို့၏
"သဒ္ဒါသုမနဇာတ်တော်ကြီး"
တို့ကို
ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ (ရွှေတံဆိပ်ဆုများရှင်) မင်းသားဉာဏ်ဝင်း၊ မင်းသားသူရဝင်း၊ (ရွှေတံဆိပ်ဆုများရှင်) မင်းသမီးမြင့်မြင့်ကြည်၊ မင်းသမီးခိုင်သဇင်သင်း တို့နှင့်အတူ ဝါရင့်အနုပညာရှင်များက
မူရင်းဇာတ်၏ "ဇာတ်စာ၊ ဇာတ်စကား၊ ငိုချင်း"များအတိုင်း တင်ဆက်ကပြမည် ဖြစ်ပါသည်။

တင်ဆက်ကပြမည့်နေ့ရက် - ၂၀၁၁ခုနှစ် ဇန်နဝါရီလ ၈ရက်နှင့် ၉ရက်
တင်ဆက်ကပြမည့်အချိန် - ညစဉ် ၇ နာရီမှ ၁၂ နာရီအထိ
တင်ဆက်ကပြမည့်နေရာ - မန္တလေးမြို့၊အောင်မြေသာဇံမြို့နယ်၊ ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ
ထိုင်ခုံလက်မှတ်များ - မန္တလေးမြို့ အမျိုးသားဇာတ်ရုံတွင် ဝယ်ယူရရှိနိုင်ပါသည်။
စုံစမ်းရန် - **အနုပညာဦးစီးဌာန (နေပြည်တော်) ဖုန်း-၀၆၇-၄၀၈၀၃၄၊ ၄၀၈၀၃၅၊ အမျိုးသားဇာတ်ရုံ(မန္တလေး) ဖုန်း-၀၂-၆၁၁၆၇/၆၁၁၆၈၊ ဖုန်း-၀၂-၃၆၁၂၀။**

ရက်(၁၀၀)ပြည့် မင်္ဂလာဆုတောင်း

သမီးလေး ကြည်လင်သော်တာမျိုး၏ ၅-၁-၂၀၁၁ရက်တွင် ကျရောက်သော ရက်(၁၀၀)ပြည့် ရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၀၀ကျော်တိုင်အောင် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ဖေဖေ - **ဦးမျိုးဝင်း (ASM Computer & Assorices)**
မေမေ - **ဒေါက်တာစိုးမိုးအောင် (မန္တလေးပညာရေးကောလိပ်၊ရူပဗေဒဌာန)**
ကိုကို - **အောင်သော်တာမျိုး (Grade- 8၊ CAE)**
တီလေး - **ဒေါ်ဝေဝေထွန်း (ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့၊ နေပြည်တော်)။**

မြေယာရှုခင်းအလှ မကွေး၌ဆောင်ရွက်

မကွေး ဇန်နဝါရီ ၄

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မကွေးမြို့ တောင်တွင်းလမ်း မြို့အဝင်ဆိုင်းဘုတ် မြေယာရှုခင်း ဆောင်ရွက်ထားရှိမှုကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြတ်သူတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

မန္တလေးတောင်တော် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ
မန္တလေးမြို့တော်ဝန် စစ်ဆေး

မန္တလေး ဇန်နဝါရီ ၄

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ဒီဇင်ဘာ ၁၅ရက် နံနက် ၉နာရီက အောင်မြေသာစံမြို့နယ် မန္တလေးတောင်ပတ်လမ်းတစ်လျှောက် အရှည်ပေ ၁၀၉၀၀၊ အကျယ် ၃၅ပေရှိ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှု

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးတောင်တော် စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်နေသော လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီးနောက် အောင်မြေသာစံမြို့နယ် ၈၈လမ်းကို ၁၇လမ်းနှင့် ၁၉လမ်းကြား အရှည်ပေ ၁၃၀၀၊ အကျယ်၁၆ပေရှိ ကိုယ့်အားကိုယ်ကိုး ထပ်ပိုးလွှာတင်ကတ္တရာလမ်း အဆင့်မြှင့်တင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝ၄ဝ)

မြို့နယ် သတင်း ထွေထွေလာ

ပွင့်ဖြူမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း

ပွင့်ဖြူ ဇန်နဝါရီ ၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှငွေးသည် မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးသံဒိုင်၊ မြို့နယ်စိုက်ပျိုးရေး ဒုတိယမန်နေဂျာ ဦးအေးမွန်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးမောင်မောင်အေး၊ ကုန်းဇောင်းကျေးရွာအုပ်စု စိုက်/ကြပ် အဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာ ၁၇ရက် နံနက်က ကွင်းအမှတ်(၇၉၁) ဦးပိုင်အမှတ်(၁၁၉) တောင်သူဦးအေးမောင်၏ မနောသုခ မိုးစပါးစိုက်ခင်း၌ စံကွက်ရိတ်သိမ်းမှုကို ကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**အဆိုပါစံကွက် မှ အထွက်နှုန်း ၁၁၀ဒသမ၂၈တင်းထွက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပခုက္ကူမြို့ စစ်ကောင်းစာကြည့်တိုက် နှစ်ပတ်လည်စည်းဝေး

ပခုက္ကူ ဇန်နဝါရီ ၃

ပခုက္ကူမြို့ နန်းတော်ရာရပ်ကွက် ဥသ္သာသီရိ (၇)လမ်းတွင် ဖွင့်လှစ်ထားရှိသော စစ်ကောင်းစာကြည့်တိုက်၏ နှစ်ပတ်လည်အစည်းအဝေးနှင့် စာကြည့်တိုက် မတည်ရန်ပုံငွေလှူဒါန်းပွဲ၊ စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ရက် မွန်းလွဲ ၁နာရီက စစ်ကောင်းစာကြည့်တိုက် ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဦး၊ ပခုက္ကူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)တို့ တက်ရောက် အမှာစကား ပြောကြားသည်။

လက်ခံယူ

ထို့နောက် စစ်ကောင်းစာကြည့်တိုက်၏ မတည်ရင်းနှီး ရန်ပုံငွေထည့်ဝင် လှူဒါန်းကြသူ အလှူရှင်များအား စာကြည့်တိုက်ကြီးကြပ်မှုကော်မတီက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြပြီး ပခုက္ကူမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)က ၄င်းရေးသားပုံနှိပ်ထုတ်ဝေထားသော အများပြည်သူနှင့် သက်ဆိုင်သော ဥပဒေရေးရာအဖြာဖြာစာအုပ်ကို ပေးအပ်လှူဒါန်းရာ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်အတွက် ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဦးကလည်းကောင်း၊ စစ်ကောင်းစာကြည့်တိုက်အတွက် စာကြည့်တိုက်အလှူရှင် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်ကလည်းကောင်း လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ဝဲပုံ)** (ဝ၆ဝ)

ကျောင်းပြုပြင်ရန် အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၄

ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနေ သမီးများဖြစ်ကြသော ဒေါ်လှအေး၊ ဒေါ်ခင်ခင်ရွှေ၊ ဒေါ်မြင့်မြင့်မော်၊ မသည်းမွှန်သက်အောင်တို့က ဖခင်ကြီး ဦးလှရွှေ(ခ) လင်ကွိုပါအား ရည်စူး၍ မိခင်ကြီး ဒေါ်ရင်ခွမ်၏ (၈၁)နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အဖြစ် ကြည့်မြင်တိုင်မြို့နယ် ဆေး/ငြိမ်းရပ်ကွက် ဓမ္မပီယကျောင်းတိုက် ဆွမ်းစားကျောင်းပြုပြင်ရန်အတွက် အလှူငွေကျပ် ၁၀သိန်းကို ဒီဇင်ဘာ ၂၀ရက်က အဆိုပါကျောင်း၌ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ *(မြန်မာ့အလင်း)*

ဖန်းမော်မြို့၌ အိမ်တွင်းမှုသက်မွေး သင်တန်းဆင်း

ဖန်းမော် ဇန်နဝါရီ ၃

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ဖန်းမော်မြို့)၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၁၈/၂၀၁၀)နှင့် အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ် (၆/၂၀၁၀) သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၃ရက် နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီး စိုးနိုင်ဦးက အမှာစကား ပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူ နှစ်ဦးအား အပ်ချုပ်စက်တစ်စုံစီနှင့် ဒုတိယဆု၊ တတိယဆု၊ သင်တန်းဆင်းအောင်လက်မှတ်များကို ချီးမြှင့်ပေးအပ်ခဲ့သည်။

တက်ရောက်သင်ကြား

အခြေခံအိမ်တွင်းမှုသင်တန်းတွင် သင်တန်းသူ ၃၄ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းတွင် သင်တန်းသူ ခြောက်ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

(အိမ်တွင်းမှုသင်တန်းကျောင်း)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာလမ်းထိပ် သံကူကွန်ကရစ်တံတား လက်ရန်းပေါင်အုတ်စီခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) ဦးဝင်းမောင်ထွေးတို့ ဒီဇင်ဘာ ၂၀ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကုန်းရမ်း-နားကြူ-ပန်လမ်း-ကွန်ဟောက် ကျေးလက်ကျောက်ချောလမ်း ခင်းနေမှုကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဒီဇင်ဘာ ၁၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ကျော်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စလင်းမြို့မဈေး အုတ်ရေမြောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၂ရက်က အငယ်တန်း အင်ဂျင်နီယာ(၂) ဦးသိန်းထွန်းဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ချောင်းဆုံအောက်လမ်းအပိုင်း(၂) ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၅ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ဦးဆောင်သောအဖွဲ့ စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးရာသီဘဏ်ချေးငွေပြန်လည်ကောက်ခံရေး မကွေး၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

မကွေး ဇန်နဝါရီ ၃

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်ဘဏ်ခွဲ ၂၅ခုမှ တောင်သူလယ်သမားများသို့ ထုတ်ချေးခဲ့သော မိုးရာသီဘဏ်ချေးငွေများ အပြည့်အဝ ပြန်လည်ကောက်ခံရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၄ ရက်က မကွေးမြို့၌ကျင်းပရာ အဆိုပါ အစည်းအဝေးသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဟန်၊ ဒုတိယအထွေထွေမန်နေဂျာ ဦးစိန်လှထွန်းနှင့် မကွေးတိုင်းဒေသကြီး ဘဏ်ခွဲ မန်နေဂျာ ဦးသန်းဌေးအောင်တို့ တက်ရောက်ဆွေးနွေး မှာကြားသည်။

ဆွေးနွေး

ဆွေးနွေးပွဲတွင် တက်ရောက်လာသူများက ထုတ်ချေးထားသော ချေးငွေများ အပြည့်အဝ ပြန်လည်ကောက်ခံရရှိရေး၊ ငွေကြေး အလွဲသုံးမှု၊ ငွေကြေးဆုံးရှုံးမှု မဖြစ်စေရေးနှင့် ဘဏ်ခွဲအလိုက် အသားတင်အမြတ်ငွေရရှိရေး၊ လယ်ယာသုံးစက်ကိရိယာ ချေးငွေများကို လျာထားချက်ထက်ကျော်လွန်အောင် ထုတ်ချေးပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးနှင့် တောင်သူလယ်သမားများ၏ လယ်ယာ ကုန်ထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားလာရေးအတွက် ဘဏ်လုပ်ငန်းများဖြင့် ပံ့ပိုးဖြည့်ဆည်းပေးရေးစသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မင်းဘူးမြို့နယ်၌ မိုးစပါး စံကွက်ရိတ်သိမ်း

မင်းဘူး ဇန်နဝါရီ ၃

မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်တွင် မိုးစပါးနည်းပညာ လိုက်နာကျင့်သုံးမှု ဆန်းစစ်ရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မန်နေဂျာ ဦးအောင်ကျော်ငြိမ်း၊ မင်းဘူး ခရိုင်မန်နေဂျာ ဦးကျော်ဝင်း၊ ဒုတိယမြို့နယ် မန်နေဂျာ ဦးကျော်ဝေနှင့် ဝန်ထမ်းများသည် မင်းဘူးမြို့နယ် ရေပုတ်ကျေးရွာရှိ တောင်သူဦးသက်ရှည်၏ မနောသုခ မျိုးသန့်အဆင့်(၁)စပါးခင်း၌ စံကွက်ရိတ်သိမ်းကြသည်။ **(အပေါ်ပုံ)**

ထွက်ရှိ

အဆိုပါ စံကွက်မှ တစ်ဧကတွင် တစ်နံ့ပါအောင်စေ့ ၇၀ နှင့် မိတ်ဖက်အရ ၁၁၁ တင်းနှုန်း ထွက်ရှိပြီး ဗြဒသမဗြပေပတ်လည်စံကွက်အတွက် နို့ဆီဘူး ၁၃လုံးခွဲထွက်ရှိကာ တစ်ဧကလျှင် ၁၀၅ဒသမ၄၇တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းနေ ဦးဇော်နိုင်မိုး-ဒေါ်ဇာမွန်အိမ်သားစုနှင့် B.C.O.Z Collection မှ ဝန်ထမ်းများက တစ်နေ့စာ အထူးအာဟာရနှင့် ထာဝရဆွမ်း၊ ဆေးပဒေသာပင်နှင့် အဆောက်အအုံပဒေသာပင်အတွက် ငွေကျပ် ၃၅၀၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရေကြည်၌ စာပေဟောပြော

ရေကြည် ဇန်နဝါရီ ၃

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ကြို့ကုန်းကျေးရွာ တာဝတိံသာဘုရားကြီး ပရိဝုဏ်အတွင်း၌ လွတ်လပ်ရေးနေ့အကြိုစာပေဟောပြောပွဲကို ကျင်းပရာ ရှေးဦးစွာ စာပေဟောပြောပွဲဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းလွင်(သိန်းဇော်-ရွှေလီဦး)က စာပေဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီးနောက် စာရေးဆရာမြေလတ်မင်းလွင်က စကားသုံးခွန်းနှင့်ဘဝအလင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာဆိုတေးရှင် ဂီတာဖေဝင်းက ဘဝနှင့်စာပေဂီတခေါင်းစဉ်များဖြင့်လည်းကောင်း ဟောပြောကြကြောင်း သိရှိရသည်။ (၂၀၄)

ကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

ညောင်တုန်း ဇန်နဝါရီ ၃

ညောင်တုန်းမြို့နယ် ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ်အားကစားပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ညောင်တုန်းမြို့ အထက(၁) ကျောင်းအားကစားကွင်း၌ ဒီဇင်ဘာ ၂၄ရက် နံနက် ၉နာရီကကျင်းပရာ ရှေးဦးစွာ မြို့နယ်ပညာရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မင်းက ကျောင်းပေါင်းစုံပြေးခုန်ပစ်အားကစားပြိုင်ပွဲကိုဖွင့်လှစ်ပေးလိုက်ပြီး ကွင်းဖွင့်အမှာစကားပြောကြားသည်။

ပြိုင်ပွဲများအပြီးတွင် မြို့နယ်ပညာရေးမှူးဒေါ်စန်းဌေး၊ အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်စံဝင်းဖြူ၊ အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်သန်းနှင့်တာဝန်ရှိသူများက အနိုင်ရ အားကစားမောင်မယ်များအားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ပြိုင်ပွဲအားလုံးတွင် ကျားတံခွန်စိုက်ဆုကို ပညာရေးမိသားစုနယ်မြေ(၁၀)ကလည်းကောင်း၊ မတံခွန်စိုက်ဆုကို ပညာရေးမိသားစုနယ်မြေ(၁၁)ကလည်းကောင်း၊ ကျား/မ တံခွန်စိုက်ဆုကို ပညာရေးမိသားစုနယ်မြေ(၁၁)ကလည်းကောင်း ရရှိကြရာ မြို့နယ်ပညာရေးမှူး ဒေါ်စန်းဌေးက တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၁၅၂)

မြို့နယ်
သတင်း
ထွေတလာ



နောင်ချိုမြို့၌ မြို့ပြလမ်း ကတ္တရာခင်း

နောင်ချို ဇန်နဝါရီ ၃

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် သံသရာအေးစေတီလမ်း ကျောက်လမ်းမှ ကတ္တရာခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၃ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းမှာ အရှည် ပေ၉၁၀၊ အကျယ်၁၂ပေရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြေယာရှင်းအလှ မောင်တော၌ဆောင်ရွက်

မောင်တော ဇန်နဝါရီ ၃

မောင်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မဟာဗန္ဓုလလမ်းနှင့် ဦးဥတ္တမလမ်းဆုံ တြိဂံနေရာ၌ သံပန်းတပ်ဆင်ပြီးစီးမှုနှင့် မြေယာရှင်းအလှ ဆောင်ရွက်ထားရှိမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးထွန်းဝေ ဒီဇင်ဘာ ၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စစ်မှုထမ်းဟောင်းများအား ပခုက္ကူ၌ ထောက်ပံ့ငွေပေးအပ်

ပခုက္ကူ ဇန်နဝါရီ ၃

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲနှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသားများအား ထောက်ပံ့ငွေ ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၁ရက် မွန်းလွဲ ၁နာရီက ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး သက်ပိုင်(ငြိမ်း)က အမှာစကားပြောကြားပြီး မြို့နယ် စစ်မှုထမ်းဟောင်းများထဲမှ အသက်(၇၅)နှစ်ပြည့်ပြီးသူ ကိုးဦးနှင့် လေးဘာသာဂုဏ်ထူးရှင် မောင်ဇာနည်မြင့်အောင်တို့အား ထောက်ပံ့ငွေများကို မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးသက်ပိုင်(ငြိမ်း)က ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၇၀)

ပြည်မြို့ အမှတ်(၁) အထက မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် ဇန်နဝါရီ ၄

ပြည်မြို့ အထက(၁) အထိမ်းအမှတ်မဂ္ဂဇင်းကို ယခုနှစ်တန်ဆောင်မုန်းလပြည့်နေ့တွင်ကျင်းပမည့် အာစရိယပူဇော်ပွဲအမီ ထုတ်ဝေမည်ဖြစ်ရာ မဂ္ဂဇင်းအတွက် ကျောင်းသားကျောင်းသူဟောင်းများနှင့် စာပေပညာရှင်များထံမှ စာမူများကို ကျောင်းအုပ်ဆရာမကြီး အထက(၁)ပြည်မြို့ ဖုန်း-၀၅၃-၂၄၁၁၇၊ ၀၅၃-၂၅၈၀၁၊ ဦးခင်အောင် လက်ထောက်ပညာရေးမှူး(ငြိမ်း) ပြည်မြို့ ဖုန်း-၀၅၃-၂၅၅၉၇၊ ၀၉-၅၃၁၀၅၄၉ နှင့် အမျိုးသားစာပေဆုရ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)တိုက်-စီ အခန်း ၁၄ ရွှေဂုံတိုင်ဘဏ်ရိပ်သာ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၅၁၃၅၊ ၀၉-၄၈၂၅၉၁၀၁ တို့ထံသို့ မတ် ၃၁ ရက်နောက်ဆုံးထားပြီး ဆောင်းပါး၊ ကဗျာ၊ ဝတ္ထု၊ ကာတွန်းများ ပေးပို့ချီးမြှင့်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

သရုပ်ပြလေ့ကျင့်

ကြို့ပင်ကောက်မြို့နယ် အမှတ်(၈၂)သစ်စက်၌ ဒီဇင်ဘာ ၁၈ ရက်က စက်ရုံမှူးဦးစိုးခိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးချစ်ကိုဝင်း၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးဇော်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ် တားဆီးရေးအတွက် သရုပ်ပြလေ့ကျင့်ကြစဉ်။ (၁၈၀)

ကုက္ကိုင်းရေကူးအသင်း
အသင်းဝင်မိသားစုများ ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် မိတ်ဆုံစားပွဲ
ဖိတ်ကြားလွှာ

ကုက္ကိုင်းရေကူးအသင်းဝင်များ၏ မိတ်ဆုံဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၉ရက် (တနင်္ဂနွေနေ့) နံနက် ၇း၀၀နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်မည့်အသင်းဝင်များသည် အသင်းရုံးခန်းသို့ ၇-၁-၂၀၁၁ရက်(သောကြာနေ့) နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက အသင်းရုံးခန်းသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှတ် ၃၄၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊
ဖုန်း-၅၄၂၇၄၉၊ ၇၀၃၅၂၅။

ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူမြောက်မြားစွာကို မွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အမှတ် ၂၄၉၊ (ပထမထပ်)၊ ဗားကရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
(မြေနီကုန်း ဂမုန်းပွင့်ကုန်တိုက်အနီး)
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁-၃၂၂၇၉၊

- ပြည်တွင်း ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်(အငြိမ်းစား)များ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သောသူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ်ထုတ်ပေး၍ သင်ကြားမည်။ ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်း ပြည်ပအလုပ်အကိုင်ရရှိရန် ကူညီမည်။ ပြည်တွင်း ပြည်ပအသုံးပြုနိုင်သော သင်တန်းဆင်းအောင်လက်မှတ် ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
- ဘော်ဒါဆောင်ရှိပါသည်။ တန်းခွဲသစ်တစ်ခုလျှင် အယောက် ၂၀ သတ်မှတ်သည်။ တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းသွင်းနိုင်သည်။

"အောင်"ပြီး**"ချမ်းမြေ့"**မှုတွေရရှိရန် **"အောင်ချမ်းမြေ့"**ကိုလာခဲ့ပါ။

တစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်)

အပတ်စဉ်(၁၄၇၇) ၁၀-၁-၂၀၁၁ ရက်စသင်မည်။ (စနေနှင့် တနင်္ဂနွေ နားရက်)
အပတ်စဉ်(၁၄၇၈) ၁၂-၁-၂၀၁၁ ရက်စသင်မည်။ (စနေနှင့် တနင်္ဂနွေ နားရက်)

နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်)

အပတ်စဉ် (၁၄၇၉) ၁၀-၁-၂၀၁၁ရက်စသင်မည်။ (တနင်္လာနှင့် အင်္ဂါ သင်)
အပတ်စဉ် (၁၄၈၀) ၁၂-၁-၂၀၁၁ ရက် စသင်မည်။ (ကြာသပတေးနှင့် သောကြာ သင်)
အပတ်စဉ် (၁၄၈၁) ၁၅-၁-၂၀၁၁ ရက်စသင်မည်။ (စနေနှင့် တနင်္ဂနွေ သင်)

အထက်ဖော်ပြပါ လပြတ်သင်တန်းများအတွက် သင်ကြားနိုင်သည့်အချိန်များ

(I)	6:30	am to 8:30am	(V)	1:30 Pm to 3:30 Pm	
(II)	7:30	am to 9:30 am	(VI)	4:30 Pm to 6:30 Pm	
(III)	9:30	am to 11:30am	(VII)	5:30 Pm to 7:30 Pm	
(IV)	12:30	pm to 2:30 pm	(VIII)	6:30 Pm to 8:30 Pm	

နိုင်ငံတကာအဆင့်မီ ဒီပလိုမာသင်တန်းများ

(I) **သုံးလဒီပလိုမာသင်တန်းများ (တစ်ပတ်ငါးရက်သင်)**

အပတ်စဉ်(၁၄၈၂) ၁၀-၁-၂၀၁၁ ရက်စသင်မည်။ (စနေနှင့် တနင်္ဂနွေ နားရက်)
အပတ်စဉ်(၁၄၈၃) ၁၂-၁-၂၀၁၁ ရက်စသင်မည်။ (စနေနှင့် တနင်္ဂနွေ နားရက်)
9:30 am to 3:30 pm

(II) **ခြောက်လဒီပလိုမာသင်တန်းများ (တစ်ပတ်ငါးရက်သင်)**

အပတ်စဉ်(၁၄၈၄) ၁၀-၁-၂၀၁၁ ရက်စသင်မည်။ (စနေနှင့် တနင်္ဂနွေ နားရက်)
အပတ်စဉ်(၁၄၈၅) ၁၂-၁-၂၀၁၁ ရက်စသင်မည်။ (စနေနှင့် တနင်္ဂနွေ နားရက်)
9:30 am to 3:30 pm

မှတ်ချက်။ ။ အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မှ သင်တန်းခွဲမရှိပါ။
(Open 6:00 am to 9:00 pm) ပိတ်ရက်မရှိပါ။
http://www.acmnursingtraining.com.

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ ပဲငံပြာရည်နှင့် ရှလကာရည်စက်ရုံရှိ စက်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချပါမည်။

၂။ တင်ဒါပေးသွင်းမှုကို ၆-၁-၂၀၁၁ရက် (ကြာသပတေးနေ့) ညနေ ၄း၀၀နာရီတွင် ပိတ်ပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

အထွေထွေမန်နေဂျာ(စီမံကိန်း)
မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၄၄၊ ၄၀၈၁၈၇။

တစ်နှစ်ပြည့်မွေးနေ့ဆုတောင်း

ဖေဖေ ဗိုလ်မှူးနိုင်လင်း - မေမေ ဒေါ်ဇင်နီအောင်တို့၏ သားဦးရတနာ မောင်ဇေမျိုးညဏ်လင်း(ခ)ဇန်ဇန်၏ ၅-၁-၂၀၁၁ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် ထူးချွန်ထက်မြက် လိမ္မာသော သားကောင်းရတနာလေးဖြစ်ပါစေဟု ဆုတောင်းလျက်-

ဘိုးဘိုး ဦးအောင်မြင်-ဘွားဘွားဒေါ်နီနီ
ဘွားလေးဖြူ၊ ဘွားလေးကြူ၊ ဘွားလေးမူ၊
ဘဘဦးမင်းမင်းအောင်
လေးလေးပိုင်၊
ကြီးကြီးဦး၊ ကြီးကြီးအိ၊
တီတီဖြိုး၊ တီတီဝါ။

(၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၇)ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲ
ဖိတ်ကြားလွှာ

သန်လျင်မြို့ လက်ယက်စမ်းကျေးရွာ(ထမလုံ) အောင်တော်မူကုန်းမြေပေါ်၌ တည်ထားကိုးကွယ်တော်မူသော အောင်မြေဗောဓိစေတီတော်ကြီး၏ (၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စေတီတော်ကြီး၏ ဘုရားဒါယကာ၊ ဒါယိကာမများအားကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

- ♦ ၁၃၇၂ခုနှစ် ပြာသိုလဆန်း ၅ ရက် (၉-၁-၂၀၁၁ရက်) တနင်္ဂနွေနေ့တွင် နံနက်၉နာရီမှ ညနေ၅နာရီအထိ ခတ်ပွဲ၊ နတ်ပွဲ၊ ဇာလိနတ်စာများ ကျွေးမွေး ပူဇော်ခြင်း။
- ♦ ပြာသိုလဆန်း ၈ ရက် (၁၂-၁-၂၀၁၁ရက်) ဗုဒ္ဓဟူးနေ့မှ ပြာသိုလဆန်း ၁၂ရက် (၁၆-၁-၂၀၁၁ရက်) တနင်္ဂနွေနေ့အထိ ငါးရက်တိုင်တိုင် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးကို သံဃာတော်၂၄ပါးဖြင့် ရွတ်ဖတ်ပူဇော်ပြီး ယင်းနေ့ နံနက် ၉နာရီတွင် ပဋ္ဌာန်းအောင်ပွဲ၏ ကုသိုလ်တော်များကို ရေစက်ချ အမျှပေးဝေခြင်း။
- ♦ ၄င်းပြာသိုလပြည့် ၁၅ ရက် (၁၉-၁-၂၀၁၁ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၅နာရီတွင် သံဃာတော်များ ဗုဒ္ဓါဘိသေကအနေကဇာတင်၍ သံဃာတော်များအား ဆွမ်းဘောဇဉ်များ ဆက်ကပ်လှူဒါန်းကာ မွန်းလွဲ ၂နာရီတွင် သံဃာတော် ၁၀၈ပါးအား ဆီဆွမ်းလောင်းလှူခြင်း။
- ♦ ၄င်းလပြည့်နေ့ည၇နာရီတွင် သပိတ်အိုင်ဆရာတော် ရှင်ဉာဏိဿရမှ တရားတော်များချီးမြှင့်ခြင်း။

စေတီတော်၏ ဝေယျာဝစ္စအဖွဲ့။

ပေါ်ပြူလာဂျာနယ်တွင် ရေးဖြစ်ခဲ့သော Talking များ
တူးဆွခြင်းမဟုတ်...ဖြတ်သန်းခြင်း

မန္တလေးတော့ကင်(န်)
ဇော်ခိုင်ဦး

ဇော်ခိုင်ဦး၏ **'မန္တလေးတော့ကင်(န်)'** စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို အင်းဝစာအုပ်တိုက် (ပန်းဆိုးတန်း)တွင် ၇-၁-၂၀၁၁ရက် မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ ကျင်းပပါမည်။

အမည်ပြောင်း

ဦးဝင်းနိုင်၏သား ကျိုက္ကမီမြို့ ရေကန်လမ်း လက်ဖက်ရည်ဆိုင်မှ မောင်စည်သူစိုးအား မောင်ကျော်လွင်အောင်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ကျော်လွင်အောင်။

မိုး အစဉ်သတိပြု

MEIC/MEIS ဝန်ထမ်းဟောင်းများ
(စတုတ္ထ)အကြိမ် ပြန်လည်ဆုံစည်းခြင်းနှင့်
သက်ကြီးအငြိမ်းစား ဆရာသမားဟောင်းများ
ဂါရဝပြုခြင်း

ကျင်းပမည့်ရက် - ၁၆-၁-၂၀၁၁ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၃၀နာရီ
ကျင်းပမည့်နေရာ - နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ဗဟန်းမြို့နယ်

ဆက်သွယ်ရန်-

ဦးသောင်းစိန်(MD ငြိမ်း)	ဖုန်း-၂၂၃၅၈၇၊ ၅၄၂၆၈၄
ဦးကိုကိုကြီး(GM ငြိမ်း)	ဖုန်း-၆၄၀၉၂၀၊ ၀၉-၅၁၅၀၀၄၆
ဦးသိန်းထွန်း(ညွှန်မှူး-ငြိမ်း)	ဖုန်း-၃၈၀၀၀၅၊ ၅၄၆၀၃၆
ဦးကျော်ဝင်း(ဒု-ထွေဂျာ-ငြိမ်း)	ဖုန်း-၇၂၄၈၃၀
ဦးခင်စိုး(ဒု-ထွေဂျာ-ငြိမ်း)	ဖုန်း-၂၁၆၆၅၈၊ ၃၈၁၄၇၉
ဦးကျော်ဝင်း(လက်ထောက်ညွှန်မှူး-ငြိမ်း)	ဖုန်း-၅၀၅၄၁၃၊ ၀၉-၅၀၉၁၈၈၅
ဦးတင်အောင်(မန်နေဂျာ-ငြိမ်း)	ဖုန်း-၅၄၂၁၂၈၊ ၀၉-၅၁၀၈၉၀၇

(ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်)

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ် စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၄

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ (၃၈)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၈ရက် (စနေနေ့) နံနက် ၈နာရီခွဲတွင် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)ရှိ သုဂတောဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အသက်(၇၅)နှစ်အထက် ကန်တော့ခံ သက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၀၉-၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ မဟာဘွဲ့ရရှိသူများ၊ ပါရဂူဘွဲ့ရရှိသူများ၊ နိုင်ငံတော်မှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိထားသော အသင်းဝင်များသည် ဥက္ကဋ္ဌ ဦးမြင့်အောင် ဖုန်း- ၀၉-၅၁၅၉၁၄၄၊ ၆၆၆၃၅၂၊ ဦးမြင့်သိန်း (တက္ကသိုလ်မောင်မြင့်သိန်း) ဖုန်း-၅၀၃၈၄၁၊ ဦးမြင့်သိန်း(ထူးကြီး) ဖုန်း-၀၉-၅၁၀၃၂၁၀၊ ဦးတင်လှိုင် ဖုန်း-၆၄၅၁၇၆၊ ဦးအောင်ကြည် ဖုန်း-၇၃၀-၃၁၅၂၁၊ ဦးမြင့်စိုး ဖုန်း-၂၉၂၈၃၅၊ ဦးကျန့်ဟင်း ဖုန်း-၀၉-၅၀၆၁၃၉၇၊ ဦးခိုင်ဇော်ဝင်း ဖုန်း-၀၉-၅၁၀၃၀၁၇၊ ဦးသန်းဝေစိုး ဖုန်း-၂၀၃၂၁၉၊ ဒုတိယဗိုလ်မှူးကြီး နေမျိုးဦး ဖုန်း-၀၉-၅၁၉၀၅၃၄နှင့် သုဂတောဓမ္မာရုံ ဖုန်း-၆၅၆၂၀၇တို့ထံသို့ ဇန်နဝါရီ ၆ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးစပါးတစ်ဧကအထွက်နှုန်းမှန်ကန်ရေး ရေနံချောင်းမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း

ရေနံချောင်း ဇန်နဝါရီ ၃

ရေနံချောင်းမြို့နယ်တွင် တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ဆွေ၊ မြို့နယ်စီမံကိန်း ဦးစီးအရာရှိ ဦးဝင်းတင့်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဌေးမြင့်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမျိုးခိုင်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာနဝန်ထမ်းများ ဒီဇင်ဘာ ၅ရက်က ပင်းဝကျေးရွာအုပ်စု ကွင်းအမှတ်(၂၁)၊ သပြေပင်ကွင်း ဦးပိုင်အမှတ် (၁၁၇) တောင်သူဦးထွန်းတင်၏ မနောသုခ မိုးစပါးစိုက်ဧကကို မိုးစပါး တစ်ဧကထွက်နှုန်း မှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းကြသည်။ **(ယာပုံ)** အဆိုပါစံကွက်မှ ခြောက်သွေ့ပြီး စပါးတစ်ဧက ၇၈ ဒသမ ၂၆တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သွေးသည် အသက်

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ဝင်၊ မြို့ထွက် ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၈ရက်က အငယ်တန်း အင်ဂျင်နီယာ-၂ ဒေါ်တင်ဌေးဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကွင်းဆင်းဆောင်ရွက်

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ပြလမ်းလုပ်ငန်းဖြစ်သော ခိုင်ရွှေဝါလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၃ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြတ်ဇော်လင်းနှင့်အဖွဲ့ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးခိုင်ထွန်း ကွင်းဆင်းစစ်ဆေးစဉ်။

(၃၁၆)

5-1 (17).pmd 1 1/5/2011, 2:22 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေးဟူသော အမျိုးသားရေးဦးတည်ချက် (၅)ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာကျင်းပသည့် ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပရာ ပြည်သူလူထု စုစုပေါင်းအင်အား ၃၀၀၀ ကျော် တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ◆

သဝဏ်လွှာဖတ်ကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ဖတ်ကြားစဉ်။

(သတင်းစဉ်)

5-1 (20).pmd 1 1/5/2011, 2:22 AM